# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၄၂) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၂) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | (က) ပညာရေးတက္ကသိုလ်၊ ဖွံ့ဖြိုးရေးတက္ကသိုလ်များ အပါအဝင် ယခုပညာရေးကောလိပ်များ ပါဝင်ယှဉ်ပြိုင်ကြသော ဘက်စုံပညာပြိုင်ပွဲကို ပြန်လည်ကျင်းပပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၄ |
| ၇ | (ခ) မြောက်ဦးမြို့နယ်အတွင်း ပညာရေးကောလိပ် အသစ်တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၈ | (ဂ) လှိုင်မြို့နယ်၊ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)ရှိ ပုဂ္ဂလိကသို့ အငှားချထားသော ပျက်စီးယိုယွင်းလျက် ရှိသည့် တက္ကသိုလ် အားကစားရုံအား ပြုပြင်ထိန်းသိမ်းထားရန်နှင့် အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၉ | (ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ(၆၆/၆) များကို ဥပဒေနှင့်အညီ အဆင်ပြေချောမွေ့စွာရရှိနိုင်ရေး ပိုမိုကြပ်မတ်၍ အလေးထားဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၅ |
| ၁၀ | (င) ပြည်တွင်း အိမ်အကူအမျိုးသမီး လုပ်သားများနှင့် ပြည်ပရောက် အိမ်အကူအမျိုးသမီး လုပ်သားများ၏ အခွင့်အရေးများကို ကာကွယ်ပေးရေးနှင့် ကုစားပေးရေးအစီအစဉ်များ ရေးဆွဲထားခြင်းရှိ/မရှိ သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၀ |
| ၁၁ | (စ) မင်းတပ်ခရိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးမှူးရုံး တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၆ |

| | | |
|---|---|---|
| ၁၂ | ဒေါက်တာမောင်သင်း၊ မိတ္တီလာမဲဆန္ဒနယ်က တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းစီ၏ စံပြုကိုးကားနိုင်သည့် ဒီအင်အေမျိုးရိုးဗီဇဖွဲ့စည်းမှုမှတ်တမ်း ဆောင်ရွက်ထားရှိရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၃၀ |
| ၁၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၂) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၃) ရက်မြောက်နေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၄၇ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၄၂)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၀–၈–၂၀၁၇ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးတင်လှ၊ ဓနုဖြူ မဲဆန္ဒနယ်၏ **ပညာရေးတက္ကသိုလ်၊ ဖွံ့ဖြိုးရေး တက္ကသိုလ်များ အပါအဝင် ယခုပညာရေးကောလိပ်များ ပါဝင် ယှဉ်ပြိုင်ကြသော ဘက်စုံပညာပြိုင်ပွဲကို ပြန်လည်ကျင်းပပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဦးလှစော၊ မြောက်ဦး မဲဆန္ဒနယ်၏ **မြောက်ဦးမြို့နယ်အတွင်း ပညာရေးကောလိပ်အသစ်တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၏ **လှိုင်မြို့နယ်၊ ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)ရှိ ပုဂ္ဂလိကသို့ အငှားချထားသော ပျက်စီးယိုယွင်းလျက်ရှိသည့် တက္ကသိုလ်အားကစားရုံအား ပြုပြင်ထိန်းသိမ်းထားရန်နှင့် အသုံးပြုနိုင်ရေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၏ **နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ ၆၆/၆) များကို ဥပဒေနှင့်အညီအဆင်ပြေချောမွေ့စွာ ရရှိနိုင်ရေး ပိုမိုကြပ်မတ်၍ အလေးထားဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **ပြည်တွင်း အိမ်အကူအမျိုးသမီးလုပ်သားများနှင့် ပြည်ပရောက်အိမ်အကူ အမျိုးသမီးလုပ်သားများ၏ အခွင့်အရေးများကို ကာကွယ်ပေးရေးနှင့်ကုစားပေးရေး အစီအစဉ်များ ရေဆွဲထားခြင်း ရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးနေလင်းအောင်၊ မင်းတပ် မဲဆန္ဒနယ်၏ **မင်းတပ်ခရိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးမှူးရုံး တည်ဆောက်ပေးရန်အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါက်တာဦးမောင်သင်း၊ မိတ္ထီလာ မဲဆန္ဒနယ်က **"တိုင်းရင်းသား လူမျိုးတစ်မျိုးချင်းစီ၏ 'စံပြုကိုးကားနိုင်သည့် ဒီအင်အေမျိုးရိုးဗီဇ ဖွဲ့စည်းမှုမှတ်တမ်း' ဆောင်ရွက်ထားရှိရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“ဆက်သွယ်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
# (၄၂)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
## (၂၀၁၇ ခုနှစ်၊ ဩဂုတ် ၁၀ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၈၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၈.၀၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၁၀ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးခင်မောင်သီ၊ လှိုင်လင်မဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၃ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၉ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင် ခွင့် ၁ ရက်၊

(၂) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၂ ရက်၊

(၃) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)အောင်ရွှေ ခွင့် ၂ ရက်၊

(၄) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၅) မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိ ခွင့် ၁ ရက်၊

(၆) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၂ ရက်၊

(၇) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၁ ရက်၊

(၈) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာလှိုင်မြင့်ဟန် ခွင့် ၂ ရက်နှင့်

(၉) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၄၃ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၉ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၅၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၅၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**မူကြမ်း**

**ပညာရေးတက္ကသိုလ်၊ ဖွံ့ဖြိုးရေးတက္ကသိုလ်များအပါအဝင် ယခုပညာရေးကောလိပ်များပါဝင် ယှဉ်ပြိုင်ကြသော ဘက်စုံပညာပြိုင်ပွဲကို ပြန်လည်ကျင်းပပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဓနုဖြူမဲဆန္ဒနယ်မှ ဦးတင်လှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်လှ(ဓနုဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ လေ့လာသူများ ကိုယ်ရောစိတ်ပါ မပင်မပန်းရွှင်လန်းနိုင်ကြပါစေ ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ ပညာရေးတက္ကသိုလ်၊ ဖွံ့ဖြိုးရေးတက္ကသိုလ်အပါအဝင် ယနေ့ပညာရေးကောလိပ်များပါဝင်သော ပညာရေးဘက်စုံပညာပြိုင်ပွဲကြီးကို ပြန်လည်ကျင်းပပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းကို မေးမြန်းလိုခြင်း ဖြစ်ပါတယ်။ မေးမြန်းရခြင်းအကြောင်းအရင်းကတော့ ဟိုတစ်ချိန်ကတော့ ဆရာအတတ်သင်သိပ္ပံနဲ့ဆရာအတတ်သင်ကောလိပ်၊ ဆရာအတတ်သင်ကျောင်းများ၊ ပညာရေးတက္ကသိုလ်၊ ဖွံ့ဖြိုးရေးတက္ကသိုလ်တွေရဲ့ ဘက်စုံပညာပြိုင်ပွဲကြီးကို ၁၉၇၆ ခုနှစ်စပြီးတော့ စတင်ကျင်းပခဲ့ပါတယ်။ ဘက်စုံပညာပြိုင်ပွဲကြီးရဲ့ ရည်ရွယ်ချက်ကတော့ ကာယ၊ ဉာဏ၊ စာရိတ္တနှင့် ရသ၊ သက်မွေးဘက်စုံပညာရေး။ သူ့ရဲ့ဆောင်ပုဒ်ကတော့ ဘက်စုံလျှင်ဖြင့် စက်ကုန်နှင်အံ့ဆိုတဲ့ဆောင်ပုဒ်နဲ့ ကာယ၊ ဉာဏ၊ စာရိတ္တနှင့်ရသ၊ အားကစားတွေပါမယ်။ စာပေ၊ ဂီတ၊ အနုပညာတွေပါမယ်။ အနုလက်မှုတွေပါမယ်။ Aesthetic Education အက၊ အခုန်တွေ ပါမယ်။ အနုလက်မှု၊ အိမ်တွင်းမှု Teaching Art ပြိုင်ပွဲစသည်စသည့်ပြိုင်ပွဲတွေကို ကျင်းပခဲ့ပါတယ်။ အဲဒီပြိုင်ပွဲတွေကိုမကျင်းပမီ အသီးသီးသောပညာရေးသိပ္ပံကျောင်းတွေဟာ မိမိတို့ကျောင်းမှာ ပထမဆုံးကျင်းပတယ်။ ကျင်းပပြီးတော့ စကာတင်ရွေးတယ်။ ရွေးပြီးတော့ နှစ်လလောက်ကိုလေ့ကျင့်ပျိုးထောင်ပြီးမှ ရန်ကုန်မှာလာပြီးတော့ ကန်ပဲ့ဆရာအတတ်သင်မှာ ပြိုင်ပွဲတွေလာပြိုင်ရပါတယ်။ မြန်မာပြည်တစ်နံတစ်လျားက ဆရာအတတ်သင်ကျောင်းတွေက ဆရာဆရာမတွေဟာ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေက ရင်းနှီးခွင့်ရတယ်။ အသိပညာတွေဖလှယ်ခွင့်ရတယ်။ ဘက်စုံပညာရေးတွေ၊ အနုလက်မှု၊ အဆို၊ အက၊ ကျပန်းစကားရည်လုပွဲစသည်စသည်ဖြင့် ပြိုင်ပွဲတွေကို အားလုံးပြိုင်ခွင့်ရတဲ့အတွက် ရင်းနှီးခွင့်ရတယ်။ ယနေ့ခေတ်နဲ့ကြည့်ရင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ (၂၁)ရာစုပင်လုံညီလာခံကိုကျင်းပနေတဲ့အခါမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို

တည်ဆောက်နေတဲ့အချိန်မှာ ဒီပြိုင်ပွဲကလည်း တစ်နည်းတစ်ဖုံအားဖြင့်၊ တစ်စိတ်တစ်ဒေသအားဖြင့် အကျိုးပြုပါလိမ့်မယ်လို့ ထင်မြင်ယူဆမိပါတယ်။

အဲဒီပြိုင်ပွဲတွေက ၁၉၇၆ ခုနှစ်ကစပြီးတော့ ကျင်းပလာတာ ၁၉၈၇ ခုနှစ်မှာ ၁၁ နှစ်ကြာတဲ့အခါမှာ ရပ်ဆိုင်းခဲ့ပါတယ်။ ယနေ့ ၂၀၁၇ ခုနှစ်ဆိုရင် နှစ်ပေါင်း ၃၀ လောက်ကင်းကွာခဲ့ပါပြီ။ ယနေ့နိုင်ငံတော်ဟာ ဒီမိုကရေစီအစိုးရသစ်က ဒီမိုကရေစီခေတ်ပြောင်းလာသည်နှင့်အမျှ ပိုမိုကောင်းမွန်သော ပညာရေးစနစ်ကိုဖော်ဆောင်ပြီးတော့ လက်တွေ့ကျတဲ့လုပ်ငန်းတွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီမိုကရေစီစနစ်နဲ့အညီ ဒီမိုကရေစီစနစ်ရဲ့လိုအပ်ချက်နှင့်အညီ နှလုံးလှပြီး အသုံးကျတဲ့လူသားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဖော်ဆောင်ကြိုးစားလျက်ရှိနေပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ ၂၈ အပိုဒ်ခွဲ(ဃ)မှာလည်းပဲ နိုင်ငံတော်သည် ဘက်စုံအတွေးစုံမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးမှာ အထောက်အကူပြုတဲ့ပညာရေးစနစ်ကိုဖော်ဆောင်ပြီး။ တစ်ခါ ပုဒ်မ ၃၃ မှာလည်းပဲ လူငယ်များမျိုးချစ်စိတ်ဓာတ်ရှင်သန်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန်ပြည့်စုံရေးအတွက်ကိုလည်း ပျိုးထောင်မယ်။ ဒီလိုလည်းဆိုထားပါတယ်။ ယနေ့ပညာရေးဝန်ကြီးဌာနရဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ရဲ့ရည်မှန်းချက်မှာလည်းပဲ လူငယ်တွေတွေးခေါ်ကြံဆနိုင်ပြီးတော့ဘက်စုံပြည့်စုံတဲ့သူတွေ ဖြစ်အောင်ဖော်ဆောင်မယ်လို့ ပြောထားတယ်။ အဲဒီတော့ ဒီပညာရေးယန္တရားကြီးကိုဖော်ဆောင်ရတဲ့သူတွေဟာ တကယ့်ဆရာတွေဖြစ်တယ်။ ဆရာတွေဟာ အတိတ်ကိုသုံးသပ်၊ ပစ္စုပ္ပန်ပျိုးထောင်၊ အနာဂတ်ကို လမ်းခင်းပေးရမယ့်သူတွေဟာ ဆရာတွေဖြစ်တယ်။ ရိက္ခာမတောင့်ရင်လည်း သိက္ခာစောင့်ပါတယ်။ တပည့်သားမြေးတွေကို သစ်ကောင်းတစ်ပင်၊ ကျောက်ကောင်းတစ်စေ့၊ သီးကောင်းတစ်ခိုင်၊ ပန်းကောင်းတစ်ပွင့်ရအောင် ပျိုးထောင်ပေးရမှာဆရာတွေ ဘက်စုံမှဖြစ်ပါမယ်။ ဆရာတွေဘက်မစုံလို့လည်း ကျောင်းသားမတော်ဘူး။ ဆရာတွေတော်မှ ကျောင်းသားတွေတော်မယ်။ ဆရာကောင်းမှ ကျောင်းသားကောင်းမှာဖြစ်ပါတယ်။ ဆရာသည်လမ်းကောင်းကိုမလျှောက် လမ်းသစ်ကိုဖောက်သူဖြစ်ပါတယ်။ ဆရာသည်လမ်းဟောင်းကိုမသင့် လမ်းကောင်းကိုထွင်သူဖြစ်ပါတယ်။

ဒါ့ကြောင့် ယနေ့ဆရာတွေရဲ့အခန်းကဏ္ဍဟာ Quality Education, Access to Education အခွင့်အလမ်းပွင့်ပညာရေး၊ Quality ပညာရေးကိုသွားနေတဲ့အချိန်မှာ ဆရာများရဲ့အခန်းကဏ္ဍဟာ အင်မတန်မှအရေးကြီးတယ်။ ဒါ့ကြောင့်ဒီဆရာတွေနဲ့ပတ်သက်ပြီးတော့။

**ဥက္ကဋ္ဌ။** ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ။** ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးတင်လှရဲ့ မေးခွန်းဖြစ်သော ပညာရေးကောလိပ်၊ ဖွံ့ဖြိုးရေးတက္ကသိုလ်များအပါအဝင် ယခင်ဆရာအတတ်သင်သိပ္ပံနှင့် ဆရာအတတ်သင်ကျောင်းများ၊ ယခုပညာရေးကောလိပ်များ ပါဝင်ယှဉ်ပြိုင်နိုင်သော ဘက်စုံပညာပြိုင်ပွဲကို ပြန်လည်ကျင်းပပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ကျင်းပပေးမည်ကို သိရှိလိုပါကြောင်း မေးခွန်းနဲ့ပတ်သက်လို့ ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၁၉၉၈ ခုနှစ် ဒီဇင်ဘာလကစပြီး ဆရာအတတ်သင်သိပ္ပံကျောင်းများကို နှစ်နှစ်သင်ပညာရေးကောလိပ်များအဖြစ်သို့ တိုးမြှင့်ဆောင်ရွက်ခဲ့ပါတယ်။ ထိုဆောင်ရွက်ချိန်မှစပြီး ပညာရေးကောလိပ်များ ပါဝင်ယှဉ်ပြိုင်နိုင်တဲ့ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ အင်မတန်မှ အကျိုးကျေးဇူးများသော ဘက်စုံပညာရေးပြိုင်ပွဲများကို ကျင်းပပြုလုပ်ပေးနိုင်ခဲ့ခြင်းမရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ယခုအစိုးရသစ်လက်ထက်မှာ ပညာရေးကောလိပ်များကို လေးနှစ်သင်ဒီဂရီကောလိပ်များအဖြစ် နှစ်နှစ်သင်ပညာရေးကောလိပ်များအဆင့်မှ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒီလေးနှစ်သင်ဒီဂရီ ကောလိပ်များအဖြစ်ဆောင်ရွက်တဲ့နေရာမှာ တင်ပြပါပြိုင်ပွဲ၊ ဘက်စုံပညာပြိုင်ပွဲများကိုလည်း ပြန်လည်ကျင်းပဖို့ လျာထားပါတယ်။ ဒီလေးနှစ်သင်ပညာရေးကောလိပ်များရဲ့ တစ်နှစ်တာဆောင်ရွက်မယ့် ပညာရေး

ပြက္ခဒိန်မှာ ဒီပြိုင်ပွဲအစီအစဉ်ကို ထည့်သွင်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒီလေးနှစ်သင်အဆင့်တိုးမြှင့်ခြင်းပြီးစီး၍ ပညာရေးပြက္ခဒိန်ရေးဆွဲပြီးချိန်မှာ တင်ပြပါပြိုင်ပွဲများကို ဆောင်ရွက်နိုင်ရေးအတွက် အလေးထားဆောင်ရွက်ပါမည် ဖြစ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးတင်လှ(ဓနုဖြူမဲဆန္ဒနယ်)**။ ။ မေးခွန်းမေးပါရစေ။ အခုဒုတိယဝန်ကြီးရဲ့ဖြေကြားသွားတဲ့ ဟာက အင်မတန်ဝမ်းမြောက်ရွှင်မြူးစရာကောင်းပါတယ်။ အဲဒီလိုဘက်စုံပညာပြိုင်ပွဲတွေ ပြန်လည် ကျင်းပပေးမယ်ဆိုရင် မြို့နယ်အလိုက် ထက်/လယ်/မူဆရာဆရာမတွေထဲကနေပြီးတော့ ရွေးချယ် မှာလား။ ဒါမှမဟုတ် ပညာရေးတက္ကသိုလ်၊ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဆရာအတတ်သင်။ ယနေ့ဆိုရင် ပညာရေးကောလိပ် ၂၅ ခုရှိလာပြီ။ အဲဒီဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ ပညာရေး ကောလိပ် ၂၅ ခု ကိုသာလွှမ်းခြုံပြီးတော့ ကျင်းပမှာလား။ သို့တည်းမဟုတ် မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ တက္ကသိုလ် ဆရာ ဆရာမတွေ၊ အခြေခံပညာဆရာဆရာမတွေအားလုံးကို လွှမ်းခြုံပြီးတော့ ကျင်းပ မှာလားဆိုတာကို သဲသဲကွဲကွဲသိပါရစေခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ခုနကတင်ပြချက်သည် မူလမေးခွန်းပါဖြစ်တဲ့ ပညာရေးကောလိပ်များအတွက်၊ ဘက်စုံပညာသင်ကြားရေးအတွက် ပြိုင်ပွဲများကျင်းပရန် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းပြီး တင်ပြခဲ့ခြင်း ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပညာရေးကောလိပ်အားလုံးကို လွှမ်းခြုံနိုင်ပြီး ပညာရေးကောလိပ် များမှ ဌာနမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ နောက်တစ်ခါ ဒီပြိုင်ပွဲများ ကျင်းပနိုင်ဖို့ လိုအပ်သောဘဏ္ဍာရန်ပုံငွေလျာထားချက်များ ပြည့်စုံစွာသတ်မှတ်ဆောင်ရွက်မည် ဖြစ်ပါ ကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။

**မြောက်ဦးမြို့နယ်အတွင်း ပညာရေးကောလိပ်အသစ်တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဦးလှစော(မြောက်ဦးမဲဆန္ဒနယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးကို လေးစားပါတယ်။ ကျွန်တော်က မြောက်ဦးခရိုင်မှာ ပညာရေးကောလိပ်တစ်ခု တည်ဆောက်ဖို့ကိစ္စနှင့်ပတ်သက်ပြီးမေးခွန်း မေးရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ မြောက်ဦးဟာ အရင်တုန်းကမြို့နယ် ပထမအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းမှာ ခရိုင်အဖြစ် ဖွဲ့စည်းခွင့်ရခဲ့ပါတယ်။ အဲဒီခရိုင်မှာ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ မြေပုံမြို့နယ် လေးမြို့နယ်ပါပါတယ်။ လူဦးရေက ၈၃၀၀၀၀ နီးပါးရှိပါတယ်။ နောက် မြောက်ဦးခရိုင်ဟာ ပလက်ဝမြို့နယ်နှင့်ဆက်စပ်နေပါတယ်။ ချင်းပြည်နယ်(တောင်ပိုင်း)နှင့်လည်း အဆက်အဆံရှိပါတယ်။ မြောက်ဦးခရိုင်မှာ အ.မ.က ၄၃၈ ကျောင်း၊ မူလွန် ၂၁၁ ကျောင်း၊ မူခွဲ ၆၆ ကျောင်းရှိပြီးတော့ မူလတန်းကျောင်းသား ၁၁၀၀၀၀ ကျော်ရှိပါတယ်။ အလယ်တန်းကျောင်းသား ၄၅၀၀၀ ရှိပါတယ်။ ပညာရေးဟာ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးဆုံးလုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ ပညာရေးဟာ ကျွန်တော်တို့ မြန်မာပြည်တစ်နံ့တစ်ပြားမှာ ကျေးလက်အောက်ခြေပြည်သူလူထုအားလုံးကို ဆင်းသက်ပြီးတော့ အခြေခံပညာတတ်မြောက်ဖို့ဆိုတာ အလွန်အရေးကြီးပါတယ်။ ကျွန်တော်တို့ လက်ရှိအစိုးရသစ်လက်ထက်မှာရော၊ အရင်ပထမ ဒီမိုကရေစီနိဒါန်းစပျိုးတဲ့အချိန်မှာ ပညာရေးဟာအရင်ကထက်တော့ ဖွံ့ဖြိုးတိုးတက်တာတွေ့ရတယ်။ မူလတန်းကျောင်းတွေကို ကျေးလက်တောရွာအနှံ့မှာ ဖွင့်လာတာကိုလည်း ကြည်နူးစွာတွေ့ရပါတယ်။ ဒါပေမဲ့ အားနည်းချက်တစ်ခုက ကျွန်တော်တို့ ဆရာဆရာမ မလုံလောက်တာ၊ ဆရာဆရာမတွေအနေနဲ့ ပညာရေးစွမ်းရည်နိမ့်ကျတာတွေကို ကျွန်တော်တို့ တွေ့နေရပါတယ်။ အဲဒါတွေကို ဖော်ဆောင်ဖို့၊ ကုစားဖို့အတွက်ဆိုရင် ပညာရေးကောလိပ်တွေ များများဖွင့်ပြီးတော့ အရည်အချင်းပြည့်တဲ့ဆရာတွေကို မွေးထုတ်နိုင်ဖို့ လိုအပ်တယ်လို့ ယူဆပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ကျောက်ဖြူမြို့နယ်မှာ ပညာရေးကောလိပ်တစ်ခုပဲ ရှိပါတယ်။ အဲဒီတော့ တစ်ခါတစ်ခါ ကျောက်ဖြူပညာရေးကောလိပ်မှာ တက်လာတဲ့ကျောင်းသားတွေ ဝန်ဆောင်မှုမဖြည့်ဆည်းပေးနိုင်တဲ့အတွက် ကျွန်တော်တို့ ပြည်မဘက်ကိုသွားပြီးတော့ သင်တန်းတက်ရတဲ့အခါ အများကြီးငွေကုန်ကြေးကျလည်းများပါတယ်။ အဲဒီတော့ ကျောက်ဖြူကောလိပ်တစ်ခုတည်းနဲ့ ရခိုင်ပြည်ကလိုအပ်နေတဲ့ ပညာရေးဆရာဆရာမလေးတွေ မွေးထုတ်တာလို့ နောက်တစ်ခု ဆင့်ပွားသင်တန်းပေးတာတွေကို မနိုင်မနင်းဖြစ်နေ

တာ တွေ့ရပါတယ်။ အဲဒါကြောင့် ရခိုင်ပြည်နယ်အတွက် လိုအပ်တဲ့ဆရာဆရာမတွေကို မွေးထုတ်နိုင်ဖို့ အတွက် ကျွန်တော်တို့အဓိကကျတဲ့ ရခိုင်ပြည်အလယ်ပိုင်း မြောက်ဦးခရိုင်မှာ ပညာရေးကောလိပ် ရှိတယ်လို့ ကျွန်တော်တို့ပြည်သူတွေအနေနဲ့ ခံစားရပါတယ်။ အဲဒီပညာရေးကောလိပ်ကို ဖွင့်လိုက်ခြင်း အားဖြင့် ကျောက်ဖြူမှာရှိတဲ့ ဝန်ထုပ်ဝန်ပိုးကို ပေါ့ပါးစေရုံသာမက ရခိုင်ပြည်နယ်၊ ချင်းပြည်နယ် (တောင်ပိုင်း)အတွက် ပညာရေးမျိုးဆက်တွေကို မွေးမြူပေးဖို့အတွက် အများကြီးအထောက် အကူပြု မယ်လို့ ယူဆပါတယ်။ အဲဒါကြောင့် ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော်မေးလိုတာက မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်အတွင်းမှာ ပညာရေးကောလိပ်အသစ်တစ်ခု ဖွင့်လှစ်ပေးဖို့အစီအစဉ်ရှိ/မရှိ။ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်မည်ဆိုတာကို သိလိုကြောင်း လေးစားစွာ တင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ရခိုင်ပြည်နယ်၊ မြောက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးဖြစ်တဲ့ ဦးဦးလှစောရဲ့ မေးခွန်းဖြစ်သော မြောက်ဦးခရိုင်မှာ မြောက်ဦးမြို့နယ်အတွင်း ပညာရေးကောလိပ် အသစ်တစ်ခု ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် အကောင် အထည်ဖော်မည်နှင့် ဖွင့်မပေးနိုင်ပါက အဘယ်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း ပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့အတိုင်းပဲ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်မှာ ပညာရေးကောလိပ်တစ်ခု ဖွင့်လှစ်ထားပါကြောင်း တင်ပြအပ်ပါတယ်။ ဒီကောလိပ်မှာ လုပ်ငန်းခွင် အကြို ဆရာအတတ်သင်ပညာဒီပလိုမာသင်တန်း(DTED)၊ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ် ပညာဒီပလိုမာသင်တန်း(PPTT)များမှ နှစ်စဉ်သင်တန်းသား ၆၀၀ ဦးခန့် မွေးထုတ်လေ့ကျင့်ပေးခဲ့ပါ ကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့ မြောက်ဦးခရိုင်အတွင်းမှာ ယခု ပညာသင်နှစ်စာရင်းအရဆိုလျှင် အခြေခံပညာအထက်တန်းကျောင်းပေါင်း ၃၂ ကျောင်း၊ အခြေခံ

ပညာအထက်တန်းကျောင်းခွဲပေါင်း ၃၂ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၃၆ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ ၈၂ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၂၃၆ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၃၈၁ ကျောင်းနဲ့ အခြေခံပညာမူလတန်းကျောင်းခွဲပေါင်း ၇၀ ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၈၆၉ ကျောင်း ဖွင့်လှစ်ထားပါကြောင်း တင်ပြအပ်ပါတယ်။

ကျောင်းသားကျောင်းသူဦးရေနှင့်တင်ပြရလျှင် အထက်တန်းအဆင့်မှာ ၁၂၁၁၈ ဦး၊ အလယ်တန်းအဆင့်မှာ ၄၇၉၈၁ ဦး၊ မူလတန်းအဆင့်မှာ ၁၀၂၉၉၅ ဦး စုစုပေါင်း ၁၆၃၀၉၄ ဦးရှိပါကြောင်း တင်ပြ အပ်ပါတယ်။ ဆရာဆရာမဦးရေအနေဖြင့် တာဝန်ချထားမှုမှာ အထက်တန်းအဆင့်မှာ ၅၃၂ ဦး၊ အလယ်တန်းအဆင့်မှာ ၂၀၂၉ ဦး၊ မူလတန်းအဆင့်မှာ ၃၅၀၃ ဦး စုစုပေါင်း ၆၀၆၄ ဦးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျောင်းသားဆရာအချိုးအားဖြင့် တင်ပြရလျှင် အထက်တန်းဆင့်အတွက် ဆရာနှင့်ကျောင်းသားအချိုးမှာ ၁း၂၃၊ အလယ်တန်းအဆင့်ရဲ့ ဆရာနှင့်ကျောင်းသားအချိုးမှာ ၁း၂၃၊ မူလတန်းအဆင့်ရဲ့ ဆရာနှင့်ကျောင်းသားအချိုးမှာ ၁း၂၉ ဖြစ်ပါကြောင်းနှင့် ဆရာ၊ ကျောင်းသားဦးရေမှာ သင့်တင့်မျှတတဲ့ အခြေအနေမှာရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျောက်ဖြူပညာရေးကောလိပ်မှာ နှစ်စဉ်မွေးထုတ်ပေးနေတဲ့ မူလတန်းပြဆရာဆရာမများကိုလည်း ရခိုင်ပြည်နယ်အတွင်း ဆရာလိုအပ်ချက်ရှိတဲ့ အခြေခံပညာကျောင်းများသို့ နှစ်စဉ်ဖြည့်ဆည်းခန့်ထား တာဝန်ပေးလျက် ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် ယခုပညာသင်နှစ်မှာ ကျောင်းအဆင့်တိုးမြှင့်ပေးလိုက်တဲ့ ကျောင်းပေါင်း မြောက်ဦးခရိုင်အတွင်းမှာ ၁၀၄ ကျောင်းရှိပါတယ်။ ဒီကျောင်းများအတွက်လည်း လိုအပ်သော ဆရာဆရာမများကို ဖြည့်ဆည်းဆောင်ရွက်ပေးပါကြောင်း တင်ပြအပ်ပါတယ်။

သို့ပါ၍ မြောက်ဦးခရိုင်အတွင်း ဆရာကျောင်းသားအချိုးအရ သင့်တင့်မျှတမှုရှိနေခြင်း ယခုလာမယ့်ဘဏ္ဍာရေးနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာလည်း ပညာရေးကောလိပ်အသစ်တစ်ခုအတွက် ဘဏ္ဍာငွေလျာထားခဲ့ခြင်းမရှိပါသဖြင့် လတ်တလောအားဖြင့် ဖွင့်လှစ်ရန်အစီအစဉ်မရှိပါကြောင်းနှင့် နောင်တိုးတက်လာမည့် ကျောင်းသားဦးရေနှင့်လိုက်လျောညီထွေစွာ ဆရာများလိုအပ်တဲ့အခါမှာ လိုအပ်ချက်နှင့်အညီ ဖြည့်ဆည်းဆောင်ရွက်မည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဦးလှစော(မြောက်ဦးမဲဆန္ဒနယ်)**။ ။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကို အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အနေနဲ့တော့ ပွင့်ပွင့်လင်းလင်း

ပြောရရင်တော့ ဝမ်းနည်းပါတယ်။ ကျွန်တော့်တို့ဆီမှာ ပညာရေးကောလိပ်တစ်ခု အမှန်တကယ် လိုအပ်တယ်ဆိုတာ ကျွန်တော်တို့ ဒေသရဲ့ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနဲ့ အများကြီးပတ်သက်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ တစ်ဆက်တစ်စပ်တည်းမေးခွန်းမမေးခင် ပညာရေးဝန်ကြီးဌာနကို အကြံ နှစ်ခု ရိုးသားစွာပေးချင်ပါတယ်။ ပထမအကြံကတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ်ရဲ့ သီးခြားလက္ခဏာ ဆောင်နေတဲ့ လူမှုစီးပွားအခြေအနေတွေကို ထည့်သွင်းစဉ်းစားပေးစေလိုပါတယ်။ ပညာရေးနဲ့ဆိုင်တဲ့ ရခိုင်တွေရဲ့ Index တွေကိုလည်း ထည့်သွင်းစဉ်းစားပေးဖို့ လိုတယ်လို့မြင်ပါတယ်။ ဒုတိယအချက် အနေနဲ့ ဒီနေ့ဒီအချိန်မှာ ကျွန်တော်တို့ဟာ မြန်မာ၊ ဗမာ၊ ရခိုင်၊ ချင်း အကုန်လုံးတန်းတူတယ်။ ချစ်ကြည် စည်းရုံးတဲ့ ပြည်ထောင်စုကြီးကို ဖက်ဒရယ်နိုင်ငံတော်ကြီးကို တည်ဆောက်မယ်။ တကယ့်ဖွံ့ဖြိုးတဲ့၊ ငြိမ်းချမ်းတဲ့ နိုင်ငံသစ်ကြီးကို တည်ဆောက်မယ်လို့ ပိုင်းဖြတ်ပြီးတော့ ကျွန်တော်တို့ တတ်စွမ်းသမျှ လုပ်နေကြတဲ့အချိန်မှာ အဲဒီလိုအချိန်မျိုးမှာ မဖွံ့ဖြိုးသေးတဲ့ တိုင်းရင်းသားဒေသတွေရဲ့ ပညာရေးအတွက် ကျွန်တော်တို့ ပညာရေးအမြင်တစ်ခုတည်းမဟုတ်ဘဲနဲ့ ပြည်ထောင်စုစိတ်ဓာတ် အမြင်နဲ့လည်း စဉ်းစားပေးဖို့အတွက် ကျွန်တော်တို့ ပညာရေးဌာနကို ကျွန်တော်တိုက်တွန်းပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ တစ်ဆက်တစ်စပ်တည်းမေးချင်တာက ဒီရခိုင်မှာ လောလောဆယ်မှာ ပညာရေးကောလိပ်ကို ဖွင့်ခွင့်မပေးဘူးဆိုရင် ၂၀၁၅-၂၀၂၀ လွှတ်တော်သက်တမ်းအတွင်းမှာ ပညာရေးကောလိပ်တွေ မြန်မာတစ်ပြည်လုံးမှာ တိုးချဲ့ဖွင့်လှစ်မယ့်အစီအစဉ်တွေရှိ/မရှိဆိုတာကို သိချင်ပါတယ်။ အဲဒီလို တိုးချဲ့ဖွင့်လှစ်မယ့်အစီအစဉ်ရှိတယ်ဆိုရင် ကျွန်တော်တို့ မြောက်ဦးပညာရေး ကောလိပ်အနေနဲ့ ကျွန်တော်တို့ ဦးစားပေးအဆင့်မှာများ ရနိုင်မလားဆိုတာကိုလည်း ကျွန်တော်သိလို ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး၏ အကြံပြုချက် နှစ်ချက်လုံးဖြစ်တဲ့ သီးခြားလက္ခဏာလိုအပ်ချက်ကို စဉ်းစားပေးဖို့အချက်ရယ်၊ (ခ) ပြည်ထောင်စု စိတ်ဓာတ်နှင့် စဉ်းစားပေးဖို့အချက်ရယ် ကျွန်တော်တို့ လိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ဆက်စပ်မေးခွန်းဖြစ်တဲ့ နောင်ဖွင့်လှစ်မည့် ပညာရေးကောလိပ်များ တိုးချဲ့ ဆောင်ရွက်ရာမှာ ရခိုင်ပြည်နယ်ရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ရခိုင်ပြည်နယ်ဒေသ၏အစိုးရ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ပေါင်းစပ်ဆောင်ရွက်ပါမည်ဖြစ်ကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

**လှိုင်မြို့နယ်၊ ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)ရှိ ပုဂ္ဂလိကသို့ အငှားချထားသော ပျက်စီးယိုယွင်းလျက်ရှိသည့် တက္ကသိုလ်အားကစားရုံအား ပြုပြင်ထိန်းသိမ်းထားရန်နှင့် အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လှိုင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် ရန်ကုန်တက္ကသိုလ်နယ်မြေမှာရှိတဲ့ ပုဂ္ဂလိကကိုအငှားချထားတဲ့ ပျက်စီးယိုယွင်းလျက်ရှိတဲ့ တက္ကသိုလ်အားကစားရုံအား ပြုပြင်ထိန်းသိမ်းရန်နှင့် တက္ကသိုလ်ကျောင်းသားကျောင်းသူများနှင့် အများပြည်သူတို့အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ (၁၉)ရာစုကတည်းက မြို့ပြဖွံ့ဖြိုးမှုဟာ တစ်ကမ္ဘာလုံးမှာ တိုးတက်လာပါတယ်။ ၂၀၀၈ ခုနှစ်မှာ မြို့ပြလူဦးရေဟာ ၅၀ ရာခိုင်နှုန်းကျော်သွားခဲ့ပါတယ်။ ကမ္ဘာ့ကျန်းမာရေးစောင့်ကြည့်မှုအဖွဲ့ရဲ့ခန့်မှန်းချက်အရ ယခုနှင့် ၂၀၃၀ ခုနှစ်အတွင်းတိုးပွားလာတဲ့ ကမ္ဘာ့လူဦးရေအများစုဟာ မြို့ပြမှာနေထိုင်ကြပါတယ်။ ၂၀၅၀ ခုနှစ်မှာ အာရှဒေသရဲ့လူဦးရေ ၆၄ ရာခိုင်နှုန်းကအမြင့်ပိုင်းမှာ နေထိုင်တယ်လို့ ခန့်မှန်းပါတယ်။ လက်ရှိမြို့ပြလူဦးရေဟာ ကမ္ဘာ့ထုတ်ကုန်စုစုပေါင်းရဲ့ ၇၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနေပါတယ်။ ယခုနှင့် ၂၀၃၀ ကြား မြန်မာနိုင်ငံရဲ့ GDP ဖွံ့ဖြိုးမှုဟာလည်း ၅၄ ရာခိုင်နှုန်းဟာ ရန်ကုန်နှင့် အခြားမြို့ပြဒေသကနေ ပေးစွမ်းရမယ်လို့ ခန့်မှန်းပါတယ်။ ဒါကြောင့် မြို့များဟာ နိုင်ငံ့စီးပွားရေးကို လည်ပတ်စေတဲ့မောင်းနှင်စက်တွေဖြစ်ပါတယ်။ မြို့များက ပညာသင်လိုသူများ၊ ကျွမ်းကျင်သူများအား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများကို ဆွဲဆောင်ဖို့လိုအပ်ပါတယ်။ ထိုသို့ဆွဲဆောင်နိုင်ဖို့အတွက် အခြေခံအဆောက်အအုံများ၊ တရားဥပဒေစိုးမိုးရေး၊ ကျန်းမာရေး၊ ပညာရေးဝန်ဆောင်မှုများ၊ တန်ဖိုးမျှတအိမ်ရာနှင့် ကောင်းမွန်တဲ့ပို့ဆောင်ဆက်သွယ်ရေးတို့ကို လိုအပ်ပါတယ်။ ဒါကြောင့် တက္ကသိုလ်ကျောင်းသားကျောင်းသူများနဲ့ အများပြည်သူတို့အတွက် ကျန်းမာရေး ဝန်ဆောင်မှုပေးနိုင်တဲ့ လှိုင်မြို့နယ်မှာရှိတဲ့တက္ကသိုလ်အားကစားရုံက အခု ပုဂ္ဂလိကကို

အငှားချထားပါတယ်။ ပျက်စီးယိုယွင်းလျက်လည်းရှိပါတယ်။ Power Point အသုံးပြုခွင့်ပြုပါ။ ဒါကတော့ ကျွန်တော်တို့ တက္ကသိုလ်အားကစားရုံ ဖြစ်ပါတယ်။ အားကစားရုံကမိုးတွေယိုနေလို့ အဝတ်တွေနဲ့ ကြမ်းခင်းကိုသုတ်ပြီးတော့ ကစားနေရခြင်းဖြစ်ပါတယ်။ ဒီလိုမျိုး မိုးရေဟာ ဒီအားကစားရုံက ကွင်းအနှံ့တော်တော်များများကို မိုးယိုနေပါတယ်။ ဒါကြောင့် ကစားမယ်ဆိုရင် ရေကိုအရင်ဆုံးသုတ်ရပါတယ်။ နောက်ပြီးတော့ ကစားသမားတွေချော်လဲတာတွေ၊ ဘာတွေရှိပါတယ်။ ဒါကတော့ မျက်နှာကျက်အခြေအနေတွေပါ။ ဒါကတော့ အားကစားရုံရဲ့အိမ်သာဖြစ်ပါတယ်။ ဒါကတော့ အားကစားရုံနဲ့ ဘာမှမသက်ဆိုင်တဲ့ အလုပ်ရုံတစ်ခုဖြစ်ပါတယ်။ ဒါကလည်း အားကစားရုံနဲ့လုံးဝ မသက်ဆိုင်တဲ့အရာတွေ ဒီအားကစားရုံထဲမှာစုပုံထားတာ။ ဒါက ကျွန်တော်တို့ မိုးရွာလို့ ရေအိုင်ထွန်း တာဖြစ်ပါတယ်။ ဒါကလည်း အားကစားရုံနဲ့မသက်ဆိုင်တဲ့၊ စက်ပစ္စည်းတွေသိုလှောင် ထားတဲ့နေရာဖြစ်ပါတယ်။ ဒါကလည်း အားကစားရုံနဲ့ဘယ်လိုမှမပတ်သက်တဲ့ ဆောက်လုပ်ရေးပစ္စည်းတွေ ဒီထဲမှာ ဂိုဒေါင်လိုမျိုးလုပ်ပြီးတော့ လာသိမ်းထားတာဖြစ်ပါတယ်။ Power Point ပိတ်လို့ရပါပြီ။ တက္ကသိုလ်အားကစားရုံ ဒီအဆောက်အအုံဟာဆိုရင် အရင်က အမျိုးသားအားကစားရုံအမှတ်(၂)အဖြစ် နိုင်ငံအဆင့်ကစားပွဲတွေ ကျင်းပခဲ့ပါတယ်။ အခု တက္ကသိုလ်ကျောင်းသားကျောင်းသူတွေ၊ အများပြည်သူတွေ၊ ဖူဆယ်ဘောလုံးကစားရာမှာ တစ်နာရီကို ကျပ် ၁၀၀၀၀ လည်း ပေးနေရပါတယ်။ ဒါကြောင့် ဒီတက္ကသိုလ်အားကစားရုံကို ပြုပြင်ထိန်းသိမ်းဖို့ အစီအစဉ်ရှိ/မရှိနှင့် ကျောင်းသားကျောင်းသူများနှင့် ပြည်သူများအခမဲ့အလွယ်တကူကစားနိုင်ဖို့ စီစဉ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်ကျော်ကျော်ဦးရဲ့မေးခွန်းဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)ရှိ ပုဂ္ဂလိကသို့အငှားချထားသော ပျက်စီးယိုယွင်းလျက်ရှိသည့် တက္ကသိုလ်အားကစားရုံအား ပြုပြင်ထိန်းသိမ်းထားရန်နှင့် တက္ကသိုလ်ကျောင်းသားကျောင်းသူများနှင့် အများပြည်သူများ

အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ တင်ပြပါ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)ရှိ တက္ကသိုလ်အားကစားရုံကို ပြီးခဲ့တဲ့ ၂၀၀၂ ခုနှစ်မှစပြီး တစ်နှစ်တစ်ကြိမ် သဘောတူညီချက်နဲ့ ပုဂ္ဂလိကကို အငှားချခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ၁၉၉၆ ခုနှစ်နောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် ပတ်ဝန်းကျင်အဆောင်များမှာ ကျောင်းသူကျောင်းသားများ နေထိုင်နိုင်ခြင်းမရှိတော့ပါဘူး။ ဒီအတွက် ကျောင်းသားကျောင်းသူများအတွက် ရည်စူးဆောက်လုပ်ထားတဲ့အားကစားရုံကို ကျွန်တော်တို့ပြုပြင်ထိန်းသိမ်းဖို့ဘတ်ဂျက်ထည့်သွင်းခြင်းများ ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိကြောင်း တွေ့ရပါတယ်။ ဒီဟာကို ပြုပြင်ထိန်းသိမ်းနိုင်ဖို့ရည်စူးပြီး ပုဂ္ဂလိကသို့ ၂၀၀၂ ခုနှစ်ကစပြီး အငှားချထားခဲ့ခြင်းဖြစ်ကြောင်း စိစစ်သိရှိရပါတယ်။ ဒီအားကစားရုံကို တစ်လလျှင် ကျပ် ၄၀၀၀၀၀ နှုန်းဖြင့် စာချုပ်ချုပ်ဆိုငှားရမ်းထားကြောင်း တွေ့ရှိရပါတယ်။ ငှားရမ်းလို့ရတဲ့ငွေကြေးများကိုလည်း နိုင်ငံတော်ဘဏ္ဍာအဖြစ်၊ ရငွေအဖြစ် သက်ဆိုင်ရာငွေစာရင်းခေါင်းစဉ်အောက်မှာ အပ်နှံဆောင်ရွက်ခဲ့ပါကြောင်း သိရှိရပါတယ်။ ယခု ဒီအားကစားရုံမှာ တက္ကသိုလ်နှင့်ကောလိပ်များမှ ကျောင်းသားကျောင်းသူများ၊ ဆရာဆရာမများနှင့် ဝန်ထမ်းမိသားစုများကို အပတ်စဉ် ဗုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့နှင့် သောကြာနေ့များမှာ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိလည်းကောင်း၊ စနေနေ့နဲ့ တနင်္ဂနွေနေ့များမှာ နံနက် ၆ နာရီမှ နေ့လယ် ၁၁ နာရီအထိလည်းကောင်း တစ်ပတ်မှ ၅ ရက် သီးသန့်အခမဲ့ကစားခွင့်ပြုထားကြောင်း စိစစ်တင်ပြအပ်ပါတယ်။ တင်ပြပါ Power Point မှာပါတဲ့ သစ်သားတန်းအဟောင်း၊ ခြံနွယ်များနဲ့ အားကစားရုံအတွင်းရှိ မသက်ဆိုင်တဲ့အလုပ်ရုံများကို တိုင်းရင်းသားနှင့် လုပ်ငန်းရှင်များအနေဖြင့် ရှင်းလင်းရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒီပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့် တက္ကသိုလ်အားကစားရုံကို ပြင်ဆင်မွမ်းမံခြင်းဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်ချက်တွေကို စိစစ်ပြီးစာချုပ်ချုပ်ဆိုငှားရမ်းထားတဲ့ လုပ်ငန်းရှင်မှ ဆောင်ရွက်စေပြီး ပြုပြင်မွမ်းမံမှုများကို လိုအပ်သလို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**မူကြမ်း**

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ မေးခွန်းများကိုဖြေကြားပေးတဲ့ဝန်ကြီးကို အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးခွင့်ပြုပါ။ တစ်လကို ကျပ် ၄၀၀၀၀၀ ဆိုတာ လက်ရှိပေါက်ဈေးအရ အလွန်ပဲ နည်းပါးပါတယ်။ ပြီးတော့အများပြည်သူ အသုံးပြု နိုင်တဲ့နေရာတွေ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူတွေ၊ ဆရာဆရာမတွေ အသုံးပြုနိုင် တဲ့နေရာကို ဆက်လက်ငှားရမ်းထားဖို့ အစီအစဉ်ရှိ/မရှိရယ်။ နောက် ဒီစာချုပ်ကို ပယ်ဖျက်ဖို့ အစီအစဉ်ရှိ/မရှိ။ ပြီးတော့ ကျွန်တော်တို့ ဒီအားကစားရုံကို အများပြည်သူအခမဲ့ အသုံးပြုနိုင်အောင် ဆောင်ရွက်ဖို့ အစီအစဉ်ရှိ/မရှိ သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ပညာရေးဝန်ကြီးဌာနအနေနဲ့ မနှစ်ကစပြီး လှိုင်နယ်မြေ အတွင်းမှာ ပညာသင်ကြားမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုစီမံ ဆောင်ရွက်တဲ့နည်းတူ လှိုင်တက္ကသိုလ်အားကစားရုံကိုလည်း ကျောင်းသားကျောင်းသူများအတွက် အားကစားကိစ္စများ အကျိုးအရှိဆုံးအသုံးပြုနိုင်ရန် ပြန်လည်စိစစ်ဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)များကို ဥပဒေနှင့်အညီ အဆင်ပြေချောမွေ့စွာရရှိနိုင်ရေး ပိုမိုကြပ်မတ်၍ အလေးထားဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါအပေါင်းနှင့်ပြည့်စုံကြပါ စေလို့ ရွှေဦးပဏာမ မေတ္တာများပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူများအတွက် လိုအပ်လျက်ရှိနေတဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ(၆၆/၆)များကို ဥပဒေနှင့်အညီ အဆင်ပြေချောမွေ့စွာရရှိရေးနှင့်ပတ်သက်ပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။ ပြည်သူတွေအတွက်လိုအပ်နေတဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်

အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)များကို သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ဦးစီးဌာနများသို့ သွားရောက်လုပ်ကိုင်တဲ့နေရာမှာ အဆင်မပြေမှုများ ကြုံတွေ့နေရကြောင်း နှင့်တချို့ဆိုလို့ရှိရင် သတ်မှတ်နှုန်းထားများထက် ပိုပြီးတော့ ငွေကြေးတွေတောင်းခံနေတာရှိနေ ကြောင်းနှင့် ငွေကြေးမပေးရပါက အကြောင်းအမျိုးမျိုးပြပြီးတော့ လိုအပ်ချက်တွေရှိနေသေးတယ်တဲ့ လို့ဆိုကာ ရက်ချိန်းတွေပေးပြီး အချိန်ကိုလာဘ်စားနေသေးကြောင်း မဲဆန္ဒနယ်ရှင်ပြည်သူများရဲ့ ပြောပြချက်အရ သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) ပုဒ်မ ၃၄၅ ပုဒ်မခွဲ(က)မှာဆိုရင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားတဲ့သူတွေဟာ နိုင်ငံသား များဖြစ်တယ်လို့ ပြဋ္ဌာန်းပါရှိပြီးဖြစ်သလို ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေမှာဆိုရင်လည်း အခန်း (၂) ပုဒ်မ ၅ မှာ တိုင်းရင်းသားတိုင်းသည်လည်းကောင်း၊ တိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူတိုင်း သည်လည်းကောင်း နိုင်ငံသားများဖြစ်သည်ဟု ပြဋ္ဌာန်းထားကြောင်း လေ့လာသိရှိရပါတယ်။ အဲဒီဥပဒေရဲ့ ပုဒ်မ ၆ နှင့် ပုဒ်မ ၇ မှာဆိုရင်လည်း ဘယ်လိုလူတွေဟာ နိုင်ငံသားဖြစ်သင့်ကြောင်းကို အတိအလင်းပြဋ္ဌာန်းပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ လွှတ်တော်ကိုယ်စားလှယ်မဖြစ်ခင် ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်ကတည်းက ကျွန်တော့်မြို့နယ်မှာရှိတဲ့ မှတ်ပုံတင်တို့၊ အိမ်ထောင်စုဇယားတို့လုပ်လို့ အခက် အခဲရှိတဲ့ပြည်သူများကို ထဲထဲဝင်ဝင်ကူညီဆောင်ရွက်ခဲ့တာရှိပါတယ်။ အဲဒီမှာ မှတ်ပုံတင်လုပ်မယ် ဆိုလို့ရှိရင် နိုင်ငံတော်က တရားဝင်သတ်မှတ်ပြဋ္ဌာန်းထားတာက အသစ်လုပ်တဲ့သူတွေကို ခြောက်ကျပ် နှုန်းနဲ့ဆောင်ရွက်စေပြီးတော့ အပျက်၊ အပျောက်တွေကိုတော့ ၁၀ နှုန်းနဲ့ဆောင်ရွက်ပေးကြောင်းနဲ့ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)များကိုတော့ နိုင်ငံတော်မှ အခမဲ့ဆောင်ရွက်ပေးကြောင်း လည်း သိရှိရပါတယ်။ ယခုဆိုလို့ရှိရင် ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးမှာဆိုလို့ရှိရင် တိုင်းဒေသကြီး အစိုးရအဖွဲ့၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးရဲ့ ဦးဆောင် ညွှန်ကြားမှုနဲ့ ကျေးရွာတွေအရောက် မှတ်ပုံတင်အသစ်များကို ဆောင်ရွက်ပေးနေတာရှိသလို အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသူကျောင်းသားများအတွက်ကိုလည်း မှတ်ပုံတင်အသစ်ဆောင်ရွက်ပေး တာကို ကျွန်တော်တို့ ကျောင်းတွေကို ကိုယ်တိုင်သွားရောက်ပြီးတော့ ဆောင်ရွက်ပေးနေတာ သိရှိရတဲ့ အတွက် ယခင်ကထက်စာရင်တော့ များစွာအားရကျေနပ်မိပါတယ်။ သို့သော်လည်းပဲ အပျက်၊ အပျောက်တွေနဲ့ တချို့ အသစ်လုပ်လိုတဲ့သူတွေ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီး

ဌာနရုံးတွေကို ကိုယ်တိုင်သွားရောက်ပြီးတော့ လုပ်တဲ့သူတွေမှာတော့ အထက်ကပြောခဲ့သလို အခက်အခဲတွေရှိနေသေးကြောင်း တွေ့ရပါတယ်။ အဲဒီလိုမှတ်ပုံတင်တွေလုပ်တဲ့အခါမှာ စာရွက်စာတမ်းတွေလိုအပ်တာရှိနေသော်လည်းပဲ လိုအပ်တဲ့စာရွက်စာတမ်း၊ အထောက်အထားပါသော်လည်း တချို့က သတ်မှတ်ထားတဲ့နှုန်းထားထက် ပိုတောင်းတာတွေ၊ အချိန်ကိုလာဘ်စားနေတာတွေ ရှိနေတဲ့အတွက် ခိုင်လုံတဲ့အထောက်အထားတွေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများကို တိုင်ကြားနိုင်ကြောင်း ကျွန်တော်တို့က ပြောသော်လည်းပဲ အထောက်အထားယူရန် ခက်ခဲကြောင်းနှင့် တိုင်ကြားရာမှာ မတိုင်ကြားရဲကြောင်း ကျွန်တော်တို့ကို ပြန်ပြောပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က အခက်အခဲရှိလို့ရှိရင် ကျွန်တော်တို့ကိုယ်စားလှယ်တွေဆီကို အချိန်မရွေးဖုန်းနဲ့ဆက်ပြီး အကူအညီတောင်းပါလို့ ပြောကြားတဲ့အတွက် တချို့ကတော့ ကျွန်တော်တို့ ကိုယ်စားလှယ်တွေဆီကို အကူအညီတောင်းလာပါတယ်။ အဲဒီလိုအကူအညီတောင်းလာတဲ့အခါမှာ ကျွန်တော်တို့ဟာ ပြည်သူ့ကိုယ်စားလှယ်ဖြစ်သည်နှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန ဌာနဆိုင်ရာတွေနဲ့ ဆောင်ရွက်ပေးတဲ့အခါမှာ အဆင်ပြေသွားတာလည်း ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကိုယ်စားလှယ်တွေဟာ ပြည်သူတွေကိုဦးထိပ်ထားပြီးတော့ ပြည်သူနှင့်အတူ အခက်အခဲတွေကို ကူညီဆောင်ရွက်ပေးနေသလို ဌာနဆိုင်ရာဝန်ထမ်းတွေကလည်းပဲ ပြည်သူ့လစာကို စားနေတဲ့ဝန်ထမ်းများပဲဖြစ်ပါတယ်။ ဒါကြောင့် မိမိဌာနကိုရောက်လာတဲ့ ပြည်သူများကို အဆင်ပြေချောမွေ့စေဖို့အတွက် စေတနာသန့်သန့်နဲ့ လုပ်ထုံးလုပ်နည်းနှင့်အညီ ကူညီဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူများအတွက် လိုအပ်လျက်ရှိနေတဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)များကို ဥပဒေနှင့်အညီ အဆင်ပြေချောမွေ့စွာ ရရှိရေးအတွက် မိုပိုကြပ်မတ်အလေးထားဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သို့စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းမေးတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော် ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုဝင်စာရင်းများကို ဥပဒေနှင့်အညီ ပိုမိုပြီးတော့မှ အဆင်ပြေချောမောနိုင်ရေးအတွက်ကို ဆက်လက်ဆောင်ရွက်သွားဖို့ အစီအစဉ်ရှိပါကြောင်း ဖြေကြားလိုပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာလည်းပဲ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားတဲ့အထဲမှာ ပါရှိသလိုလိုအပ်တဲ့အထောက်အထား၊ အချက်အလက်များကိုလည်းပဲ အတတ်နိုင်ဆုံးဖြေလျှော့ပြီးတော့မှ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ မဖြစ်မနေကောက်ခံရမယ့်အနည်းဆုံးလိုအပ်ချက်များကိုသာ ကျွန်တော်တို့ ဆက်လက်ကောက်ခံသွားမှာဖြစ်ပါတယ်။

ဒုတိယအနေနဲ့ကတော့ အခြေခံပညာကျောင်းများမှာ ၁၀ နှစ်ပြည့်မှတ်ပုံတင်ကတ်ပြားများကိုလည်းပဲ နှစ်စဉ်ကျောင်းဖွင့်ချိန်များမှာ ဆောင်ရွက်ပေးနေပါတယ်။ ဒီဟာကိုလည်းပဲ ဆက်လက်ပြီးတော့မှ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒီနှစ်အတွက်လည်းပဲ အခြေခံပညာကျောင်းများမှာ တစ်နိုင်ငံလုံး ယခုအချိန်အထိ ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ ဒါလည်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်နည်းလမ်းတစ်ခုကတော့ အကြောင်းအမျိုးမျိုးကြောင့် မူလနေထိုင်ရာဒေသကနေမှ အခြားဒေသတွေကိုပြောင်းရွှေ့နေထိုင်သော်လည်းပဲ သူတို့မှာ ပြောင်းရွှေ့ပုံစံ(၁၀)ထုတ်ယူခြင်းမရှိဘဲနဲ့ သက်ဆိုင်ရာရောက်ရှိတဲ့ဒေသမှာ ပုံစံ(၁၀)မပါဘဲနဲ့ အိမ်ထောင်စုလူဦးရေနှင့် မှတ်ပုံတင်ထုတ်ယူနိုင်ရေးအတွက်ကိုလည်းပဲ မူလတုန်းကတော့ သူတို့ မူလနေထိုင်ခဲ့တဲ့နေရာဒေသကို ပြန်လည်စေလွှတ်ပြီးမှ ထောက်ခံစာတွေနဲ့ ယူဆောင်တဲ့အစီအစဉ်အစား လက်ရှိအနေအထားမှာတော့ ရောက်ရှိရာဒေသမှာပဲ လျှောက်ထားနိုင်အောင် မြို့နယ်ရုံးအချင်းချင်းညှိနှိုင်းပြီးတော့ဆောင်ရွက်နိုင်အောင် ကျွန်တော်တို့ ဖြေလျှော့ပြီးတော့မှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီအစီအစဉ်ကိုလည်းပဲ ကျွန်တော်တို့ ဆက်လက်ပြီးတော့မှ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ တချို့ဒေသမှာလည်းပဲ အကြောင်းအမျိုးမျိုးကြောင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဆောင်ရွက်ရန် ကျန်တဲ့သူအများအပြားရှိတဲ့အခါမှာလည်းပဲ သက်ဆိုင်ရာမြို့နယ်မှာရှိတဲ့ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းပေါင်းစပ်ပြီးတော့မှ အိမ်တိုင်ရာရောက် ကွင်းဆင်းပြီးတော့မှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီအစီအစဉ်အတိုင်းလည်းပဲ ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့

ပြည်သူလူထုများ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းရရှိရေးအတွက်ကို နည်းလမ်းလေးသွယ်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်ပြီးလည်း ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ ဖြေကြားပေးတဲ့အတွက် ကျေးဇူးအထူးတင်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။ မှတ်ပုံတင်လုပ်တဲ့အခါမှာ စောစောကဝန်ကြီးပြောသွားသလို ကျွန်တော် ပထမမေးခွန်းထဲမှာလည်း ပါပါတယ်။ မှတ်ပုံတင်အသစ်လုပ်တယ်ဆိုရင်တော့ ကျွန်တော်တို့မှာ ကျေးရွာတွေအရောက်သွားပြီးတော့ ကွင်းဆင်းဆောင်ရွက်လို့ရပါတယ်။ သို့သော်လည်းပဲ တချို့မှာက အပျက်တွေ၊ အပျောက်တွေလျှောက်တယ်။ တချို့မှာဆိုလို့ရှိရင် မှတ်ပုံတင်က။ မှတ်ပုံတင်မှာပါပါတယ်။ အသက်(၁၈)နှစ်ပြည့်ပြီးရင် (၁၀)နှစ်မှတ်ပုံတင်ရှိတဲ့သူက (၁၈)နှစ်ပြည့်ပြီဆိုတာနဲ့ မှတ်ပုံတင်အသစ်လဲလှယ်ရမယ်လို့ပါတယ်။ တချို့ဆိုလို့ရှိရင် အသက် (၃၀)ပြည့်ပြီးတာနဲ့ မှတ်ပုံတင်အသစ် လဲလှယ်ရမယ်။ ပျက်ကွက်ပါက အရေးယူခြင်းခံရမယ်လို့ ပါပါတယ်။ မှတ်ပုံတင်ရဲ့နောက်ကျောမှာ။ အခု လက်တွေ့လုပ်နေတာက အသက်(၃၀)ပြည့်မှတ်ပုံတင်ကိုသာကိုင်ပြီးတော့ (၃၀)ကျော်လို့ရှိရင် မလဲဖြစ်တဲ့သူတွေက အများစုဖြစ်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ သွားလို့ရှိရင် ရပါတယ်။ မလဲပါနဲ့။ ဒီအတိုင်းကိုင်လို့ရပါသေးတယ်လို့ ဝန်ကြီးဌာနက ပြောလွှတ်တာတွေရှိပါတယ်။ အကယ်၍ အဲဒီလိုလဲမယ်ဆိုလို့ရှိရင် ဥပဒေအရတော့ တကယ်တော့ သွားလဲရမှာဖြစ်ပါတယ်။ အသက် (၃၀)ပြည့်ပြီဆိုရင် တစ်ခုလဲရမယ်။ မှတ်ပုံတင်အသစ်လဲရမယ်။ အဲဒီလိုလဲတဲ့နေရာမှာ မှတ်ပုံတင်ကအကောင်းကြီးအတိုင်းဖြစ်တယ်။ ကာယကံရှင်ပုဂ္ဂိုလ်ကိုယ်တိုင်လာတယ်ဆိုလို့ရှိရင် တခြားအထောက်အထားတွေပြစရာလို/မလို အဲဒါကို ပြန်လည်ဖြေကြားစေလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ (၁၀)နှစ်၊ (၁၈)နှစ်ပြည့် မှတ်ပုံတင်များ၊ နှစ်(၃၀)ပြည့်မှတ်ပုံတင်များကိုလည်းပဲ လဲလှယ်ဖို့လည်း ညွှန်ကြားထားပါတယ်။ လဲလှယ်ရင်လည်းပဲ ပြန်လည်ပြီးတော့မှ စနစ်တကျပြန်လည်လဲလှယ်ပေးနေပါတယ်။ နှစ်(၃၀)ပြည့်

မှတ်ပုံတင်မှာ လာရောက်လဲလှယ်သူကိုယ်တိုင် လာရောက်လဲလှယ်မယ်။ မှတ်ပုံတင်မှာရှိတဲ့အထောက်အထားကိုလည်းပဲ သေချာစွာစစ်ဆေးနိုင်မယ်ဆိုရင်၊ မှန်ကန်တယ်လို့ ယူဆနိုင်မယ်ဆိုရင် တခြားအထောက်အထားမလိုဘဲနဲ့ ဆောင်ရွက်ပေးနိုင်ပါတယ်။ သို့ရာတွင် မှတ်ပုံတင်ထဲမှာရှိတဲ့ပုံစံနဲ့ အပြင်မှာရှိတဲ့ပုံစံက ပျက်ယွင်းနေမယ်၊ မှတ်ပုံတင်ပေါ်မှာရှိတဲ့အထောက်အထားကလည်းပဲ အစစ်အမှန်ဖြစ်ကြောင်း သံသယရှိမယ်ဆိုရင်တော့ အထောက်အထားများလိုမှာဖြစ်ပါတယ်။ အဓိကအားနည်းချက်ကတော့ ကျွန်တော်တို့ရဲ့မှတ်ပုံတင်ဟာ စက္ကူကတ်ပြားများဖြစ်တဲ့အတွက် အတုပြုလုပ်ဖို့ အရမ်းလွယ်ကူပါတယ်။ ဒီ့အတွက်လည်းပဲ ကျွန်တော်တို့ EIT ခေါ်တဲ့ နောင်မှာ Digital မှတ်ပုံတင်လုပ်ဖို့ ကျွန်တော်တို့ အစိုးရအနေနဲ့ ကြိုးစားပြီးတော့မှ ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အကြီးအကဲများကလည်း လမ်းညွှန်ချက်ပေးထားပါတယ်။ လတ်တလောအခြေအနေမှာတော့ ကျွန်တော်တို့ ဝန်ထမ်းများကိုလည်းပဲ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ဖို့၊ သတ်မှတ်ထားတဲ့ငွေကြေးထက် ပိုမိုမကောက်ခံဖို့၊ လိုအပ်တဲ့အထောက်အထားတွေကိုလည်းပဲ အကြောင်းပြပြီးတော့မှ ပြည်သူတွေ ကြန့်ကြာအောင်မဆောင်ရွက်ဖို့ အကြိမ်ကြိမ်အခါခါညွှန်ကြားပြီးဖြစ်ပါတယ်။ တိုင်ကြားမှုများရှိလာရင်လည်းပဲ ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အလေးအနက်ထား တင်ပြလိုတာကတော့ အသက် နှစ်(၃၀)ပြည့်မှတ်ပုံတင်တွေဟာ အသစ်အတိုင်းဖြစ်နေတယ်။ သေချာတယ်ဆိုရင် တခြားအထောက်အထားယူစရာမလိုပါဘူး။ သို့ရာတွင် မှတ်ပုံတင်တွေဟာ ပျက်စီးယိုယွင်းနေမယ်။ ပြင်ပပုဂ္ဂိုလ်နဲ့ အထဲက မှတ်ပုံတင်ထဲကပါတဲ့ ပုဂ္ဂိုလ်များဟာ ခွဲခြားဖို့ ခက်ခဲမယ်ဆိုရင်တော့ လိုအပ်ပါတယ်လို့ လေးစားစွာ ဖြေကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီမှတ်ပုံတင်ကိစ္စက ကျွန်တော်တို့ မြို့နယ်အနှံ့မှာ တော်တော်များများ ဒီပြဿနာရှိပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာနအနေနဲ့ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်နဲ့၊ အောက်ခြေမှာလုပ်ဆောင်ချက်နဲ့ တစ်ထပ်တည်းဖြစ်အောင်တော့ ကြိုးစားပေးစေလိုပါတယ်။

**ပြည်တွင်းအိမ်အကူအမျိုးသမီးလုပ်သားများနှင့် ပြည်ပရောက်အိမ်အကူအမျိုးသမီးလုပ်သားများ၏ အခွင့်အရေးများကို ကာကွယ်ပေးရေးနှင့် ကုစားပေးရေးအစီအစဉ်များရေးဆွဲထားခြင်းရှိ/မရှိ သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းသိန်း(တောင်တွင်းကြီးဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးရွှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော်ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ်က ဦးမင်းသိန်းဖြစ်ပါတယ်။ ကျွန်တော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာကို မေးမြန်း လိုတာကတော့ မြန်မာနိုင်ငံအတွင်းမှာရှိနေတဲ့ အိမ်အကူမိန်းကလေးများနဲ့ ပြည်ပရောက် မြန်မာအိမ်အကူမိန်းကလေးများရဲ့လုံခြုံမှုအခွင့်အရေးများကို ပြည်ထောင်စုအစိုးရအနေနဲ့ မည်ကဲ့သို့ ကုစားစီစဉ်ပေးမည့်အစီအစဉ်ရှိ/မရှိ မေးမြန်းလိုတာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ မြန်မာနိုင်ငံတစ်ဝန်း မြို့ကြီးမြို့ငယ်တွေမှာ ခေတ်ကာလရဲ့ စီးပွားရေး၊ လူမှုရေး လိုအပ်ချက်များအရ အိမ်အကူတွေ၊ တခြားပြည်နေရတဲ့အိမ်ထောင်စုတွေရှိပါ တယ်။ စီးပွားရေးငွေရေးကြေးရေးချမ်းသာလို့ အိမ်အကူထားရတာရှိသလို အိမ်ရှင်မတွေမအားမလပ် လို့၊ မနိုင်မနင်းလို့ အိမ်အကူထားရတာတွေလည်းရှိပါတယ်။ ဒီအိမ်အကူမိန်းကလေးတွေဆိုတာဟာ စီးပွားရေးချို့တဲ့ဆင်းရဲတဲ့မိသားစုများက ပေါက်ဖွားလာကြတဲ့သူတွေ များပါတယ်။ လူသားချင်းစာနာမှု မရှိတဲ့ အိမ်ရှင်များက မိမိတို့ရဲ့အိမ်အကူများကို နှိပ်စက်ခိုင်းစေမှုများကို မကြာမကြာ ကြားသိနေရပါ တယ်။ လွန်ခဲ့တဲ့နှစ်ကဆိုရင် ရန်ကုန်မြို့ အင်းဝအပ်ချုပ်ဆိုင်က အိမ်အကူမိန်းကလေးကို နှိပ်စက်ခဲ့တဲ့ ကိစ္စဆိုရင် ကျွန်တော်တို့အရပ်ရပ်ကနေပြီးတော့ ကြားလို့မှမသင့်လျော်လို့ လွှတ်တော်ထဲမှာအရေးကြီး အဆို တင်ခဲ့ရတဲ့အထိ ဖြစ်ခဲ့ဖူးပါတယ်။ မကြာသေးမီက မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းက အိမ်အကူ ကိစ္စကလည်း သွားခြောက်ချောင်းကျိုးအောင် အိမ်အကူချင်း ရိုက်ခိုင်းခဲ့တာဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့မှာ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်နယ်မြေရဲစခန်းမှာ အမှုဖွင့်အရေးယူခဲ့ပါ တယ်။ ညှဉ်းပမ်းခံခဲ့ရတဲ့မိန်းကလေးက မန္တလေးတိုင်း၊ မြစ်သားမြို့နယ်ကပါ။ ရန်ကုန်မြို့ကို ရုံးချိန်း ၁၅ ချိန်းတိတိ လာရပါသတဲ့။ ရုံးချိန်း ၁၅ ချိန်းမြောက်အလာ လွန်ခဲ့တဲ့လက ဘုန်းကြီးကျောင်းထဲမှာတည်းခို နေတုန်း အမည်မသိအမျိုးသားသုံးဦးက ခြိမ်းခြောက်ခေါ်ဆောင်သွားခဲ့ပါတယ်။ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ ဆိုသလိုပါပဲ။ အဲဒီခေါ်သွားတဲ့အမျိုးသားသုံးဦးထဲကတစ်ဦးက နားနဲ့မနာ ဖဝါးနဲ့နာစေ

ချင်ပါတယ်။ သားမယားအဖြစ် သီတင်းနှစ်ပတ်တိတိ ပြုကျင့်ခဲ့ပါသတဲ့။ ဒီမိန်းကလေးရဲ့အသက်က ၁၃ နှစ်ပဲရှိပါသေးတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်တွင်းကိစ္စပြီးပြန်တော့ ပြည်ပကိစ္စကိုလည်း ဆက်လက်တင်ပြပါမယ်။ စင်ကာပူမှာရောက်နေတဲ့ အိမ်အကူမိန်းကလေးငယ်တစ်ဦး ၁၉ ထပ်အမြင့်ရှိတဲ့တိုက်ပေါ်ကခုန်ချပြီး ကိုယ့်ကိုယ်ကိုယ်သတ်သေသွားခဲ့တဲ့သတင်းဟာ ပြည်သူတွေဆုတ်တသပ်သပ် ဖြစ်ခဲ့ရပါတယ်။ ဒါ ဇွန်လကတည်းကပါ။ စင်ကာပူမှာပဲ နှစ်ထပ်တိုက်ပေါ်က ခုန်ချထွက်ပြေးသွားခဲ့တဲ့မိန်းကလေးကိုလည်း လူမှုအဖွဲ့အစည်းတွေက ဆေးဝါးကုသပြီး မြန်မာနိုင်ငံကို ပြန်ပို့ခဲ့ရတဲ့သတင်းတစ်ပုဒ်ကိုလည်း ဖတ်ရှုလိုက်ရပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄ ခုနှစ်ကစတင်ပြီး မြန်မာနိုင်ငံအစိုးရဟာ အိမ်အကူမိန်းကလေးများကို နိုင်ငံခြားသို့စေလွှတ်မှု ရပ်ဆိုင်းခဲ့ပါတယ်။ ပိတ်ပင်ခဲ့တယ်လို့ဆိုပါတယ်။ ပိတ်လို့သာပိတ်တာပါ။ မလုံပါဘူး။ အဲဒီတော့ တရားမဝင်သွားရောက်နေတာ ရန်ကုန်မင်္ဂလာဒုံလေဆိပ်ကိုသွားကြည့်ရင် သိနိုင်ပါတယ်။ တရားဝင်သွားမရတော့ တရားမဝင်နည်းနဲ့သွားနေရတာတွေ ရှိလာပါတယ်။ တရားမဝင်သွားရတော့ တရားဝင်တဲ့အခွင့်အရေးတွေ ဆုံးရှုံးနေပါတယ်။ အစိုးရရဲ့တရားဝင်ထုတ်ပြန်ထားတဲ့စာရင်းများအရ စင်ကာပူမှာ မြန်မာအိမ်အကူ ၁၃၀ သာရှိတယ်လို့ဆိုပါတယ်။ တကယ့်တကယ်တမ်းကျတော့ ၄၀၀၀၀ ကျော်လောက်ရှိတယ်လို့ ကျွန်တော်တို့ကြားသိရပါတယ်။ ထိုင်းနိုင်ငံမှာဆိုရင် မြန်မာအိမ်အကူ တစ်သိန်းကျော်ရှိပါတယ်တဲ့။ ဒီအကြောင်းများကြောင့် ပြည်တွင်းအိမ်အကူနဲ့ ပြည်ပရောက်အိမ်အကူများကိုအကာအကွယ်ပေးဖို့ အစီအမံတွေလိုအပ်နေကြောင်း ထင်ရှားနေပါသည်။ အထူးသဖြင့် ပြည်ပရောက်အိမ်အကူတွေကို အကာအကွယ်ပေးဖို့လိုပါတယ်။ ဒီပြည်ပသွားတဲ့အိမ်အကူတွေကို ပိတ်ပင်မှာလား။ ဖွင့်ပေးမှာလား။ တိကျတဲ့မူဝါဒချမှတ်ပေးဖို့လိုနေပါပြီ။ အိမ်အကူလေးတွေ ရရှိလာတဲ့ဝင်ငွေဟာ ကျွန်တော်တို့တိုင်းပြည်ရဲ့ဝင်ငွေထဲမှာ တစ်စိတ်တစ်ပိုင်းပါနေပြီဆိုတာကို သတိထားစေချင်ပါတယ်။ ပိတ်မှာဆိုရင်လည်း လုံအောင်ပိတ်ပါ။ အခုတော့ မလုံတလုံနဲ့ နည်းနည်းလေးဟထားပြီး အကြံအဖန်နားလည်မှုတွေ လုပ်နေကြပါတယ်။ မြန်မာဆိုရိုးစကားဖြစ်တဲ့ ရွှေသမင်ဘယ်ကထွက် မင်းကြီးတာကထွက်ဆိုသလို အိမ်အကူဘယ်ကထွက် ငွေပေးပြီးတော့ထွက်ဆိုတာမျိုးဖြစ်နေတဲ့အတွက်ကြောင့် ဒီအိမ်အကူများကို အကာအကွယ်ပေးဖို့ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ မည်ကဲ့သို့စီစဉ်ထားပါသလဲဆိုတာကို ဖြေကြားပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းရဲ့မေးခွန်းကို ကျွန်တော် ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်တွင်းအိမ်အကူအလုပ်သမားများနဲ့ ပြည်ပရောက် အိမ်အကူအမျိုးသမီးများအခွင့်အရေး ကာကွယ်ပေးရေးနဲ့ ကုစားပေးရေးအစီအစဉ်များကို ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ အမြဲမပြတ်စောင့်ကြည့်လျက်ရှိပါကြောင်းနဲ့ ဆက်လက်ပြီးတော့မှ ကာကွယ်ကုသရေးနဲ့ စေလွှတ်ရေးအစီအစဉ်များကိုလည်းပဲ စနစ်တကျစီစဉ်ဆောင်ရွက်သွားဖို့ အစီအစဉ်ရှိပါကြောင်း ဖြေကြားလိုပါတယ်။ အိမ်အကူများနဲ့ပတ်သက်ပြီးတော့မှ တင်ပြရမယ်ဆိုလို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်ကြီးဆွေးနွေးခဲ့သလိုပါပဲ ကမ္ဘာ့စီးပွားရေးအခြေအနေအရ အိမ်ထောင်များမှာ ဇနီးရော ခင်ပွန်းပါအလုပ်အကိုင်များ လုပ်ကိုင်ရတဲ့အတွက် မိသားစုမှာရှိတဲ့ကလေးသူငယ်များ၊ အသက်အရွယ်ကြီးရင့်သူများ၊ မသန်စွမ်းသူများကို ကိုယ်စားပြုလုပ်ဖို့လိုအပ်တဲ့ အိမ်တွင်း အထောက်အကူအလုပ်သမားများကို ငှားရမ်းပြီးတော့မှလုပ်ဆောင်လာရပါတယ်။

ပြည်တွင်းမှာရှိတဲ့ အိမ်အကူအလုပ်သမားများမှာတော့ အရွယ်မရောက်သေးတဲ့သူများ ပါဝင်နေပါတယ်။ ခေါ်ယူတာဝန်ပေးလုပ်ကိုင်တဲ့ပုံစံမှာလည်းပဲ ဆွေမျိုးနီးစပ်ရာအရလည်းကောင်း၊ မိတ်ဆွေများကတစ်ဆင့်လည်းကောင်း၊ ခေါ်ယူပေးပါတယ်။ ခေါ်ယူပြီးတော့မှခန့်ထားဆောင်ရွက်တာ ဖြစ်ပါတယ်။ တစ်ခါတရံမှာလည်း ပွဲစားများမှတစ်ဆင့်ဆက်သွယ်ပြီးတော့မှ လုပ်ကိုင်ဆောင်ရွက် နေတာမျိုးဖြစ်ပါတယ်။ အိမ်တွင်းမှာဆောင်ရွက်တဲ့လုပ်ငန်း၊ အိမ်တွင်းမှာရှိနေတဲ့ လုပ်သားများဖြစ်တဲ့ အတွက် အိမ်အကူလုပ်သားစာရင်း တိတိကျကျရရှိဖို့အတွက်ကို ကျွန်တော်တို့အကန့်အသတ်များစွာ ရှိပါတယ်။

အလားတူပဲ အိမ်အကူအလုပ်သမားများဟာ အလုပ်ရှင်ရဲ့အိမ်မှာ မိသားစုဝင်လိုနေရတဲ့ အတွက် ဥပဒေအရသတ်မှတ်ထားတဲ့ အလုပ်ချိန်နှင့်အညီ လိုက်နာလုပ်ကိုင်နိုင်ဖို့ခက်ခဲပါတယ်။ ဥပဒေလိုက်နာမှုရှိ/မရှိကိုလည်း ပုံမှန်လိုက်လံစစ်ဆေးဖို့လည်း ခက်ခဲလျက်ရှိပါတယ်။ အိမ်အကူ

ပြဿနာများ ဖြစ်ပွားနေရခြင်းဟာလည်းပဲ အဓမ္မစေခိုင်းမှု၊ အကြွေးဖြင့်နှောင်တည်းစေခိုင်းမှု၊ ခေါင်းပုံဖြတ်မှု၊ အရွယ်မရောက်သေးသူများကို ညှင်းပန်းနှိပ်စက်မှုများ ဖြစ်ပေါ်နေတဲ့အတွက် တည်ဆဲဥပဒေများအရ အိမ်အကူများနဲ့ပတ်သက်ပြီးတော့မှ သီးခြားဥပဒေ ကျွန်တော်တို့ဌာနမှာ မရှိသေးပါဘူး။ အဲဒီအတွက် ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနက အထက်ပါဖော်ပြတဲ့ ခေါင်းပုံဖြတ်မှုတွေ၊ အကြမ်းဖက်မှုတွေ၊ ညှင်းပန်းမှုတွေ၊ အရွယ်မရောက်သေးသူများကိစ္စနဲ့ ပတ်သက်ရင်တော့ ကျေးရွာအုပ်ချုပ်ရေးဥပဒေကိုပြင်ဆင်တဲ့ ပုဒ်မ ၂၇ ပုဒ်မခွဲ(က)အရ လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့ ကလေးသူငယ်ဥပဒေပုဒ်မ ၆၅ ပုဒ်မခွဲ(က)၊ (ခ)တို့အရလည်းကောင်း ဥပဒေနှင့်အညီ အရေးယူလျက်ရှိပါတယ်။

အလားတူပါပဲ။ နိုင်ငံခြားကိုရောက်ရှိနေတဲ့ အိမ်အကူတွေနဲ့ပတ်သက်ပြီးတော့မှ တာဝန်ရှိတဲ့ အစိုးရအနေနဲ့ကတော့ တရားဝင်စေလွှတ်ခြင်းမရှိသော်လည်းဘဲ အလည်အပတ်ဗီဇာများနှင့်သော် လည်းကောင်း၊ အမှန်တကယ်လုပ်ကိုင်မည်မဟုတ်တဲ့ အခြားအလုပ်အကိုင်အမျိုးအစားကို ဖော်ပြ၍ သော်လည်းကောင်း နည်းလမ်းအမျိုးမျိုးဖြင့် တရားမဝင်သွားရောက်လုပ်ကိုင်လျက်ရှိတာ အားလုံး အသိပဲဖြစ်ပါတယ်။ အဲဒီနိုင်ငံရပ်ခြားကိုရောက်တဲ့ အိမ်တွင်းမှုအထောက်အကူပြုအလုပ်သမားများဟာ လည်းပဲ ဘာသာစကားနှင့်လုပ်ငန်းတွေကျွမ်းကျင်မှုမရှိတာတွေ၊ အလုပ်သမားနဲ့အလုပ်ရှင်ဆက်ဆံရေး မပြေလည်မှုများဖြစ်တဲ့အခါတွေ သူတို့လုပ်ငန်းခွင်ရောက်ရှိတဲ့အခါမှာ ပြင်ပသို့ဆက်သွယ်သွားလာ ခွင့်နည်းတဲ့ပြဿနာတွေကြောင့် ကျွန်တော်တို့ ဥပဒေနှင့်အညီ အကျိုးကျေးဇူးများခံစားခွင့်မရှိတာ တွေ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ပြည်ပနိုင်ငံကို တရားဝင်ရောက်ရှိသွား သူများဖြစ်စေ၊ တရားမဝင်ရောက်ရှိသွားသူများဖြစ်စေ ကျွန်တော်တို့ သက်ဆိုင်ရာသံရုံးများမှာရှိတဲ့ ဝန်ထမ်းများက သက်ဆိုင်ရာနိုင်ငံရဲ့ဥပဒေနှင့်အညီ ခံစားရရှိရေးအတွက် ကျွန်တော်တို့လုပ်သားများ အားလုံးအတွက်ကို ကူညီစောင့်ရှောက်ပေးလျက်ရှိပါတယ်။ ပြည်ပနိုင်ငံများမှာ လူကုန်ကူးခံရမှု ကိစ္စရပ်များကိုလည်းပဲ ပြည်ထဲရေးဝန်ကြီးဌာန၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့်ပူးပေါင်း ပြီးတော့မှ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ စင်ကာပူနိုင်ငံမှာ အိမ်အကူအဖြစ်သွားရောက်လုပ်ကိုင်ပြီးတော့မှ ပြဿနာဖြစ်ပွားပြီး တော့မှ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှာ ထွက်ပြေးအကူအညီတောင်းခံမှုများ ရှိနေပါတယ်။ အဲဒီအတွက်ကိုလည်းပဲ ကျွန်တော်တို့ လိုင်စင်မရှိဘဲနဲ့ပေးပို့တဲ့ကုမ္ပဏီများ၊ လူပွဲစားများကိုလည်းပဲ ဖော်ထုတ်ပြီးတော့မှ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အရေးယူနိုင်ရေးအတွက်ကို

ကျွန်တော်တို့ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ၂၀၁၆ ခုနှစ်၊ ဧပြီလကနေပြီးမှ ၂၀၁၇ ဇူလိုင်လအထိ အမှု ၅၉ မှုကို ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာန၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးခဲ့ပြီးတော့မှ ကျွန်တော်တို့ စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ တရားမဝင်အိမ်အကူ နှစ်ဦးစေလွှတ်ခဲ့ကြောင်းပေါ်ပေါက်ခဲ့တဲ့ လိုင်စင်ရအေဂျင်စီများကိုလည်းပဲ ကျွန်တော်တို့ လိုင်စင်ပိတ်သိမ်းပြီးတော့မှ တည်ဆဲဥပဒေများနဲ့အညီ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ပြည်ပနိုင်ငံများမှာရောက်ရှိနေတဲ့ အိမ်တွင်းမှုအထောက်အကူလုပ်သားများကို ကူညီစောင့်ရှောက်ပေးနိုင်ဖို့အတွက်ကိုလည်းပဲ ပြည်ပနိုင်ငံများမှာရောက်ရှိနေတဲ့ မြန်မာအလုပ်သမားများအရေအတွက်စာရင်းကို တိတိကျကျကောက်ယူရင်းနဲ့ ပြည်ပနိုင်ငံများမှာရောက်ရှိနေတဲ့ ကျွန်တော်တို့ မြန်မာအိမ်တွင်းအထောက်အကူလုပ်ငန်းများအတွက် အလုပ်သမားရေးရာကိစ္စရပ်များကို ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်ပေးနေတဲ့ လူမှုအဖွဲ့အစည်းများ၊ အေဂျင်စီအဖွဲ့ချုပ်များနဲ့ တွေ့ဆုံဆွေးနွေးပြီးတော့မှ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ စာရင်းကောက်ယူရရှိမယ်ဆိုလို့ရှိရင် အဲဒီအိမ်အကူအလုပ်သမားများကို တရားဝင်အလုပ်သမားများဖြစ်ရေး ကျွန်တော်တို့စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အလားတူပဲ ကျွန်တော်တို့ အိမ်တွင်းမှုအထောက်အကူပြုလုပ်သားများကိုလည်းပဲ အဆင်ပြေစွာဆောင်ရွက်နိုင်ရေးအတွက်ကို လုပ်ငန်းသဘောသဘာဝအရ လိုအပ်တဲ့သင်တန်းများတက်ရောက်စေပြီးတော့မှ တရားဝင် G to G ကျွန်တော်တို့ MOU ထိုးပြီးတော့မှ စေလွှတ်သွားဖို့လည်းပဲ စီစဉ်ထားလျက်ရှိပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ရန်ကုန် ကရင်နှစ်ခြင်း ခရစ်ယာန်အမျိုးသမီးအဖွဲ့နှင့်ပူးပေါင်းပြီးတော့မှ နိုင်ငံ့တာဝန်ထမ်းဆောင်နေတဲ့ အိမ်ထောင်ရှင်များ၊ စီးပွားရေးလုပ်ငန်းဆောင်ရွက်နေတဲ့ အမျိုးသမီးများအား ကူညီပံ့ပိုးနိုင်ဖို့နဲ့ ပညာဆက်လက်မသင်ကြားနိုင်တဲ့ အမျိုးသမီးငယ်များ အသက်မွေးဝမ်းကျောင်း သင်တန်းများကိုလည်းပဲ တက်ရောက်ပြီးတော့မှ ကျွန်တော်တို့ အလုပ်အကိုင်ရရှိရေးအတွက်ကို စီမံဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် UN-Women အဖွဲ့နှင့် International Labour Organization (ILO) အဖွဲ့တို့နှင့်ပူးပေါင်းပြီးတော့မှ ကျွန်တော်တို့ပြုစုထားတဲ့ ထိုင်းနိုင်ငံနှင့်စင်ကာပူနိုင်ငံမှာ အလုပ်လုပ်ကိုင်နေတဲ့ မြန်မာအလုပ်သမားများကို အကာအကွယ်ပေးရန် ပြဋ္ဌာန်းထားတဲ့မူဝါဒများအကျိုးသက်ရောက်မှုကို လေ့လာဆန်းစစ်ပြီးတော့မှ ကျွန်တော်တို့စာတမ်းကိုလည်းပဲ မနေ့ကထုတ်ပြန်ပြီးဖြစ်ပါတယ်။ အဲဒီ

စာတမ်းမှာ အဓိကထောက်ခံအကြံပြုချက်များကို သုံးသပ်ပြီးတော့မှ ကျွန်တော်တို့အကောင်အထည် ဖော်ဆောင်ရွက်နိုင်ဖို့အတွက်ကို ဦးစားပေးအလိုက် ကျွန်တော်တို့ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း ပြီးတော့မှ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ အမျိုးသမီးရွှေ့ပြောင်းအလုပ်သမား များရဲ့ သတင်းအချက်အလက်များကောက်ယူဖို့၊ အသိအမှတ်ပြုလက်မှတ်များထုတ်ပေးဖို့နဲ့ ဥပဒေနှင့် အကျိုးခံစားခွင့်များရရှိနိုင်ဖို့အတွက်ကို ကာကွယ်စောင့်ရှောက်မှုများပြုလုပ်ပေးနိုင်ဖို့အတွက်ကို အလုပ်သမားလက်ခံတဲ့နိုင်ငံရဲ့အစိုးရနဲ့ လူမှုအဖွဲ့အစည်းများနဲ့ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါ တယ်။ ဝန်ကြီးဌာနအနေနဲ့လည်းပဲ ထိုင်းနိုင်ငံမှာရှိတဲ့ အလုပ်သမားရေးရာဝန်ကြီးဌာန၊ စင်ကာပူမှာ ရှိတဲ့ အလုပ်သမားရေးရာနှင့်ဆိုင်တဲ့ အဖွဲ့အစည်းများနဲ့ တွေ့ဆုံဆွေးနွေးပြီးတော့မှ ကျွန်တော်တို့ရဲ့ ရောက်ရှိပြီးသားအိမ်အကူလုပ်သားများကိုလည်းပဲ တရားဝင်ဖြစ်စေဖို့၊ အနာဂတ်ကာလမှာလည်းပဲ စနစ်တကျ သင်တန်းများပို့ချပြီးတော့မှ ခိုင်မာတဲ့စာချုပ်စာတမ်းများနဲ့ စေလွှတ်နိုင်ဖို့ကိုလည်းပဲ ကျွန်တော်တို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော်ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ ရွှေ့ပြောင်းလုပ်သားများနဲ့ ပတ်သက်ပြီးတော့မှ အထူးသဖြင့် အမျိုးသမီးရွှေ့ပြောင်းလုပ်သားများ၊ အိမ်တွင်းအထောက်အကူ အလုပ်သမားများအတွက် လုံခြုံစိတ်ချရတဲ့ ရွှေ့ပြောင်းသွားလာမှုဖြစ်စေဖို့အတွက်ကို ကျွန်တော်တို့ အလုပ်သမားလက်ခံသောနိုင်ငံ၊ ကျွန်တော်တို့ အလုပ်သမားစေလွှတ်သောနိုင်ငံအစိုးရတို့နဲ့ ကျွန်တော်တို့ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အေဂျင်စီများ၊ လူမှုအဖွဲ့အစည်းများ အတူတကွ ပူးပေါင်းပြီးတော့မှ စနစ်တကျ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။

**မင်းတပ်ခရိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူးရုံး တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးနေလင်းအောင်(မင်းတပ်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါ လို့ ဦးစွာပထမနှုတ်ခွန်းဆက်သပါရစေ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနကို မင်းတပ်ခရိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူးရုံးကို ဖွင့်လှစ်ပေး

ရန်၊ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံသားတစ်ယောက်ရဲ့မရှိမဖြစ်လိုအပ်တဲ့အခွင့်အရေးတစ်ရပ်ဖြစ်ပါတယ်။ အဲဒါကတော့ နိုင်ငံသားဖြစ်ခွင့်ရှိပါတယ်။ အဲဒီ နိုင်ငံသားဖြစ်ခွင့်ရှိမှသာလျှင် နိုင်ငံသားရဲ့အခွင့်အရေးတွေကို ပြည့်ပြည့်ဝဝခံစားရမှာ ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့်တာဝန်များဆိုတဲ့အခန်းမှာ ပုဒ်မ ၃၄၅ ကနေ ပုဒ်မ ၃၉၀ အထိ ပုဒ်မပေါင်း ၄၆ ခုနှင့် နိုင်ငံသားတို့ရဲ့အခွင့်အရေးများကို ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ အဲဒီအခွင့်အရေးတွေကို ရရှိခံစားနိုင်ဖို့ဆိုရင် နိုင်ငံသားတစ်ယောက်ဖြစ်မှသာ ရရှိခံစားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံသားတစ်ယောက်ဖြစ်ခွင့်ကို ထုတ်ခွင့်ရှိတဲ့ ဝန်ကြီးဌာနတစ်ခုဖြစ်တဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူးရုံးများကလည်း မဖြစ်မနေရှိရန် လိုအပ်မှာဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းတပ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ခရိုင်ရုံးကို ၂၀၀၃ ခုနှစ်ကစပြီးတော့ မင်းတပ်မြို့နယ်မှာရှိတဲ့ ပြည်သူတစ်ဦးရဲ့အိမ်မှာ ယနေ့အချိန်အထိ ငှားရမ်းပြီးတော့ ဖွင့်လှစ်ထားရတာ ဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ဝန်ထမ်းများအနေဖြင့်လည်း လွန်စွာမှ အခက်အခဲများဖြစ်ပြီးတော့ ပြည်သူများရဲ့ တာဝန်များကို ထမ်းဆောင်တဲ့နေရာမှာလည်း အခက်အခဲများရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းကောင်းတစ်ယောက်ဖြစ်ဖို့ဆိုရင် အခု နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးမဟာဗျူဟာစီမံကိန်းမှာလည်း နိုင်ငံ့ဝန်ထမ်းများဟာ လုပ်ငန်းခွင်မှာ ပျော်ရွှင်ပြီးတော့ လုပ်ငန်းခွင်ပျော်ရွှင်ဖို့ရာလည်း အရေးကြီးတဲ့အချက်တစ်ခုဖြစ်ပါတယ်။ အဲဒီလို လုပ်ငန်းခွင်ပျော်ရွှင်မှသာလျှင်လည်း နိုင်ငံ့ဝန်ထမ်းကောင်းတစ်ယောက် ဖြစ်လာမှာဖြစ်ပါတယ်။ ဒီလိုလုပ်ငန်းခွင်ပျော်ရွှင်ဖို့ဆိုရင် လုပ်ငန်းမှာ တာဝန်ထမ်းဆောင်တဲ့နိုင်ငံ့ဝန်ထမ်းများဟာ နိုင်ငံ့ဝန်ထမ်းဂုဏ်သိက္ခာနှင့်ညီတဲ့ ရုံးများရှိရန်လည်း လိုအပ်မည်ဖြစ်ပါတယ်ခင်ဗျား။ ဒီနေရာမှာ ကျွန်တော်တို့ရဲ့လွှတ်တော်အတွင်းမှာရောက်ရှိနေတဲ့ ပြည်ထောင်စုဝန်ကြီးကလည်း ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ သာစည်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသွားတဲ့အခါမှာ ပြန်လည်ဖြေကြားထားတာ ရှိပါတယ်ခင်ဗျား။ အဲဒါကတော့ ဝန်ကြီးဖြေကြားသွားတာကတော့ အန္တရာယ်ရှိတဲ့ အဆောက်အဦတွေကို ဦးစားပေးပြီး

တော့ ပြုပြင်ပေးမယ်လို့လည်း ဖြေကြားခဲ့သလို မြေနေရာရှိတဲ့ မြို့နယ်တွေမှာလည်း အဆောက်အဦ သစ်တွေကို ဦးစားပေးပြီးတော့ တည်ဆောက်ပေးပါမယ်လို့လည်း ဖြေကြားသွားတာ ရှိပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ မင်းတပ်မြို့နယ်ဆိုရင် မင်းတပ်ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီး ဌာနမှူးရုံး တည်ဆောက်ဖို့ရန်အတွက်လည်း မြေနေရာအဆင်သင့်ရှိပါတယ်ခင်ဗျား။ ဒါ့အပြင် မြို့နယ် ရုံးအတွင်းမှာလည်း ၂.၈၈ ဧက ရှိတဲ့အတွက် မင်းတပ်ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှူးရုံးကို မြို့နယ်ရုံးနှင့် ယှဉ်တွဲပြီးတော့ ဖွင့်လှစ်ပေးမယ်ဆိုလျှင်လည်း လွန်စွာမှ အဆင်ပြေ ပါတယ်။ ဒါကြောင့်မို့ ပြည်သူရဲ့ဝန်ထမ်းအနေနဲ့လည်း ပြည်သူ့တာဝန်ကို ထမ်းဆောင်တဲ့အခါမှာလည်း One Stop Shop ဆိုသလို တစ်ချိန်၊ တစ်ခါတည်းနဲ့ တစ်နေရာတည်းမှာလည်း လုပ်ငန်းများကို ကျေကျေပွန်ပွန်တာဝန်ထမ်းဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုလို အခြေအနေကောင်းတွေ မြေနေရာတွေရော အဆင်သင့်ရှိပြီးတော့ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့လည်း ပြည်သူတွေရဲ့တာဝန်များကို အကျိုးရှိရှိနဲ့ နိုင်ငံ့တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ပြီးတော့ ပြည်သူရော၊ ဝန်ထမ်းတွေပါ အကျိုးရှိမှာဖြစ်သည့်အတွက် မင်းတပ်ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူးရုံး ကို ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိမည်ဆိုပါက မည်သည့်အချိန်တွင် စတင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသောကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် ကြီးများခင်ဗျား။ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်ရဲ့မေးခွန်းကိုလည်းပဲ ကျွန်တော်က ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးကိုလည်းပဲ အခုလို မေးမြန်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ပြောကြားလိုပါတယ်။ မှန်ပါတယ်။ မင်းတပ်ခရိုင်ရုံးဟာ ပုဂ္ဂလိကပိုင်ရှင်များထံမှ ငှားရမ်းပြီးတော့မှ ဖွင့်လှစ်ထားတဲ့ရုံးဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့လည်းပဲ ကျွန်တော်တို့ရုံးများကို စနစ်တကျတည်ဆောက်ပေးလိုတဲ့ဆန္ဒရှိပါတယ်။ ရုံးများမှာ ထိန်းသိမ်းထားတဲ့ စာရွက်စာတမ်းများနှင့်

မှတ်တမ်းမှတ်ရာများဟာလည်းပဲ အရေးကြီးတဲ့စာရွက်စာတမ်းများပဲ ဖြစ်ပါတယ်။ အဲဒီအတွက်လည်းပဲ ခိုင်မာတဲ့ရုံးအဆောက်အဦများ လိုအပ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့လည်းပဲ ဌာနပိုင်ရုံးမဖွင့်နိုင်သေးတဲ့ ရုံးများ၊ အိုမင်းဟောင်းနေပြီဖြစ်တဲ့ ဌာနပိုင်အဆောက်အဦများနှင့် ငှားရမ်းထားတဲ့ အဆောက်အဦများ၊ အန္တရာယ်ရှိတဲ့အဆောက်အဦများကိုလည်းပဲ ဦးစားပေးအလိုက် ပြုပြင်ဖို့၊ အသစ်တည်ဆောက်ဖို့ နှစ်စဉ်ဘဏ္ဍာငွေ တင်ပြတောင်းခံလျက်ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာလည်းပဲ အဲဒီဌာနပိုင်ရုံးဖွင့်လှစ်နိုင်ဖို့အတွက်ကို အိုမင်းတဲ့ရုံးတွေ၊ အိုဟောင်းပြီးတော့မှ အန္တရာယ်ရှိတဲ့ရုံးတွေ၊ မြေနေရာရရှိပြီးတဲ့ နေရာတွေကိုလည်းပဲ ဦးစားပေးအလိုက် တင်ပြတောင်းခံထားလျက်ရှိပါတယ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက နိုင်ငံတော်ရဲ့ဘဏ္ဍာငွေခွင့်ပြုမှုအကန့်အသတ်အရ ဦးစားပေးအလိုက် ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့တင်ပြတောင်းခံခဲ့သော်လည်းပဲ ဘဏ္ဍာငွေလုံလောက်မှုမရှိတဲ့အတွက် ကျွန်တော်တို့ဆောက်ချင်တဲ့ရုံးများ၊ ဆောက်သင့်တဲ့ရုံးများကိုလည်းပဲ အခုအချိန်အထိ မဆောက်နိုင်တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဆောက်လုပ်နိုင်ခြင်းမရှိတဲ့ရုံးများကို ဘဏ္ဍာရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဦးစားပေးအလိုက် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးနေလင်းအောင်(မင်းတပ်မဲဆန္ဒနယ်)**။ ။ အခုလိုဖြေကြားပေးတဲ့ဝန်ကြီးအား အထူးပင်ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ တစ်ဆက်တစ်စပ်တည်းနဲ့ မေးမြန်းချင်တာကတော့ ဝန်ကြီးအနေနဲ့ အခုလာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဝန်ကြီးအနေနဲ့ ထည့်သွင်းပြီးတော့ ဆောင်ရွက်ပေးဖို့အစီအစဉ်ရှိ/မရှိကို လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဝန်ကြီးဌာနမှာရှိတဲ့ အဆိုးဆုံးသောရုံးများကို ဦးစားပေးအလိုက် စီစဉ်ပြီးတော့မှ တင်ပြလျက်ရှိပါတယ်။ အဲဒီဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီးမှ ရရှိတဲ့ဘဏ္ဍာငွေအရ မင်းတပ်ခရိုင်ရုံးကိုလည်းပဲ အစီအစဉ်အရအဆိုးဆုံးသောရုံးတွေအနေထဲမှာ ဦးစားပေးအလိုက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သာဓကအားဖြင့်

အင်းစိန်မဲဆန္ဒနယ်က ဦးမောင်မောင်ဦးဆိုရင် အခုနကပဲ ကျွန်တော့်ကိုလာပြီးတော့မှ ဆွေးနွေးပါတယ်။ အင်းစိန်မှာရှိတဲ့ရုံးဟာ နောက်ဘက်ကို ယိုင်နဲ့ပြီးတော့မှ ပြိုကျနိုင်တဲ့ အန္တရာယ်ရှိပါတယ်လို့ ပြောတော့ ဦးမောင်မောင်ဦးက တင်ပြတောင်းခံထားပါတယ်။ ကျွန်တော်တို့ဘဏ္ဍာငွေရရင် လုပ်ပေးပါမယ်လို့ ကျွန်တော်ဖြေကြားပါတယ်။ အလားတူပဲ တခြားသောမြို့နယ်တွေမှာလည်း အန္တရာယ်ရှိတဲ့ အဆောက်အအုံတွေရှိနေပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အားလုံးကို တတ်နိုင်သမျှ အမြန်ဆုံးလုပ်ပေးချင်ပါတယ်။ အန္တရာယ်ရှိတဲ့ ဦးစားပေးအလိုက် အရေးကြီးတာတွေကို ဦးစားပေးအလိုက် စီစဉ်ဆောင်ရွက်ပေးရမှာဖြစ်တဲ့အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာတော့ မင်းတပ်ခရိုင်ကို ကျွန်တော်တို့ဆောက်ပေးပါမယ်ဆိုတဲ့အထဲမှာတော့ ထည့်သွင်းနိုင်ပါတယ်လို့ ကျွန်တော့်အနေနဲ့ အာမခံချက်မပေးနိုင်ပါကြောင်းနဲ့ ဘဏ္ဍာငွေခွင့်ပြုချက်အပေါ်မှာမူတည်ပြီးမှ ဦးစားပေး အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကျွန်တော်လေးစားစွာဖြေကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်က တိုင်းရင်းသား လူမျိုးတစ်မျိုးချင်းစီ၏ စံပြုကိုးကားနိုင်သည့် ဒီအင်အေမျိုးရိုးဗီဇ ဖွဲ့စည်းမှုမှတ်တမ်း ဆောင်ရွက်ထားရှိရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါက်တာမောင်သင်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ မိတ္ထီလာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းစီ၏ စံပြုကိုးကားနိုင်သည့် ဒီအင်အေမျိုးရိုးဗီဇဖွဲ့စည်းမှုမှတ်တမ်း ဆောင်ရွက်ထားရှိရန်

ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ဒီအဆိုကိုတင်သွင်းရတဲ့ရည်ရွယ်ချက်ကတော့ တိုင်းရင်းသားလူမျိုးများမှာ စံပြုကိုးကားနိုင်တဲ့ ဒီအင်အေမျိုးရိုးဗီဇ ဖွဲ့စည်းမှုမှတ်တမ်းထားရှိခြင်းဖြင့် ကျွန်တော်တို့တိုင်းရင်းသားအချင်းချင်းရဲ့ မျိုးရိုးဆင်းသက်မှုကို စိစစ်နိုင်ပါတယ်။ ဒုတိယအနေနဲ့ကတော့ ဘာဖြစ်လဲဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံသားစိစစ်မှုလုပ်ငန်းများမှာ ကျွန်တော်တို့ကလည်း ကိုးကားနိုင်ပါတယ်။ ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံများမှာလည်း ဒီမှတ်တမ်းတွေထားရှိပြီးဖြစ်တဲ့အတွက်ကြောင့် သူတို့နိုင်ငံသားနှင့် ကျွန်တော်တို့နိုင်ငံသား သွေးနှောမှုရှိ/မရှိကို စိစစ်နိုင်ပါတယ်။ ဒါကတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံပါ။ သူတို့အနေနဲ့ တိုင်းရင်းသား ၂၀ မျိုးကို ဆောင်ရွက်ထားပြီဆိုတဲ့ အခြေအနေတွေပါ။ သူတို့ဆောင်ရွက်ထားတဲ့အကြောင်းကို နိုင်ငံတကာ သုတေသနဂျာနယ်တွေမှာဖော်ပြထားတာပါ။ ဒါက အိန္ဒိယမှာ တိုင်းရင်းသားလူမျိုး ၁၅ မျိုးကိုဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာတောင် တိုင်းရင်းသားလူမျိုးကိုးမျိုးကို ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ထို့အတူ တခြားအာရှနိုင်ငံတွေမှာလည်းပဲ ကျွန်တော်တို့ ဒီလိုဆောင်ရွက်ထားတာကို တွေ့ရှိရပါတယ်။ ထိုင်း၊ ဗီယက်နမ်၊ သီရိလင်္ကာ၊ ထိုင်ဝမ်၊ နီပေါ၊ မလေးရှားနဲ့ စင်္ကာပူအပါအဝင် ကိုရီးယား၊ ဂျပန်၊ ဖိလစ်ပိုင်အပါအဝင် စုစုပေါင်း ကျွန်တော်တို့ ၁၁ နိုင်ငံကို ဒီမှာ ဥပမာပေးထားပါတယ်။ ကျွန်တော်တို့ ဒီအင်အေလက်ဗွေရှာဖွေတဲ့အခါမှာ နည်းသုံးနည်းရှိပါတယ်။ ပထမနည်းက ရိုးရိုးဒီအင်အေဆိုတဲ့ DNA Figure Printing ပါ။ ဒါကဘာကိုလုပ်နိုင်လဲဆိုလို့ရှိရင် မှုခင်းတွေကိုရှာဖွေနိုင်တယ်။ မှုခင်းမှာ လူသတ်မှု၊ အမျိုးသမီးများ မတော်မတရားကျင့်ခံရမှု၊ ခိုးမှု၊ နာကျင်မှု၊ ဒုတိယအနေနဲ့က သားသမီးများရဲ့ဖခင်၊ မိခင်မှန်/မမှန်ကို စစ်ဆေးနိုင်ပြီးတော့ တတိယကတော့ သဘာဝဘေးဒဏ်တွေ၊ စစ်ပွဲဒဏ်တွေမှာ ပျောက်ဆုံးမှုတွေကိုရှာနိုင်တာပါ။ ဒီဟာတွေကတော့ ဘာဖြစ်လဲဆိုလို့ရှိရင် လူတစ်ယောက်ကို Identify လုပ်တဲ့ဥစ္စာကိုပဲလုပ်နိုင်ပြီးတော့ တိုင်းရင်းသားတွေ လူတစ်ဦးရဲ့မျိုးရိုးဆင်းသက်မှုကိုတော့ မလုပ်နိုင်ပါဘူး။ လုပ်နိုင်တာကတော့ မိုက်ထရိုကွန်ဒီးယားနည်း ဒီအင်အေနဲ့ရှာဖွေနိုင်ပါတယ်။ အဲဒီနည်းကလည်းပဲ ဘာဖြစ်လဲဆိုလို့ရှိရင် မိခင်ရဲ့မျိုးရိုးဆင်းသက်မှုကိုသာ သိနိုင်ပြီးတော့ ဖခင်ရဲ့မျိုးရိုးဆင်းသက်မှုကို မသိနိုင်တဲ့အတွက်ကြောင့် နောက်တစ်နည်းကို အသုံးပြုရပါတယ်။ အဲဒါက ဖခင်မျိုးရိုး၊ မိခင်မျိုးရိုးနဲ့ မိဘနှစ်ပါးစလုံးမှာပါဝင်တဲ့ ဒီအင်အေကိုလေ့လာတဲ့နည်း ဖြစ်ပါတယ်။ အဲဒီလိုနည်းကို အသုံးပြုခြင်းမှသာလျှင်

ကျွန်တော်တို့တိုင်းရင်းသားအားလုံးရဲ့ မျိုးရိုးဆင်းသက်မှုကို သိရှိနိုင်မယ်။ ယနေ့မှာလည်း တစ်ကမ္ဘာလုံးမှာ ဘာလုပ်နေပြီလဲဆိုလို့ရှိရင် ကမ္ဘာ့လူမျိုးအသီးသီးရဲ့ မျိုးရိုးဆင်းသက်မှုကုန်ကြမ်းကို ကျွန်တော်တို့လုပ်နေကြပြီဖြစ်တဲ့အတွက်ကြောင့် အဲဒီမှာ ကျွန်တော်တို့ Data ကိုထည့်သွင်းအသုံးပြုနိုင်ပါတယ်။ ထို့အပြင် ပျောက်ကွယ်သွားတဲ့ ရှေးဟောင်းမျိုးနွယ်စုတွေကို ရှာဖွေနိုင်ပါတယ်။ ခုနကပြောတဲ့ ဒီအင်အေလက်ဗွေဆိုတာ အောက်ကဥစ္စာဆိုတာကတော့ ကျွန်တော်တို့အားလုံးသိတဲ့အတိုင်း ရိုးရိုးလက်ဗွေပါ။ အပေါ်ကတော့ ဒီအင်အေလက်ဗွေဖြစ်တဲ့အတွက်ကြောင့်၊ ဗီဇလက်ဗွေဖြစ်တဲ့အတွက်ကြောင့် ပိုမိုတိကျတဲ့နည်းဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ခုနက ကျွန်တော်တို့တရားခံရှာဖွေတာပါ။ မှုခင်းဖြစ်စဉ်မှာတွေ့တဲ့အထောက်အထားနဲ့ သံသယရှိတဲ့သူသုံးဦးကို စိစစ်ကြည့်တဲ့အခါမှာ သံသယရှိတဲ့သူ ဒုတိယတစ်ဦးနှင့် တူညီနေတဲ့အတွက်ကြောင့် တရားခံကိုဖော်ထုတ်နိုင်ပါတယ်။

ဒါကတော့ဘာဖြစ်လဲဆိုလို့ရှိရင် အဖေစစ်/မစစ်၊ ဖခင်စစ်/မစစ် ရှာတဲ့နေရာမှာ ကလေးနဲ့ အမျိုးသားနှစ်ဦးကိုစိစစ်တဲ့နေရာမှာ ပထမဦးဆုံးအမျိုးသားနဲ့ ငါးနေရာမှာတူတဲ့အတွက်ကြောင့် ပထမဦးဆုံးအမျိုးသားက ကျွန်တော်တို့ ကလေးရဲ့ဖခင်ဆိုတာ သိသာနေပါတယ်။ ဒီနည်းကတော့ STR နည်းလို့ခေါ်တဲ့ ခုနက Short Tandem Repeats နည်းကတော့ ဘာဖြစ်လဲဆိုလို့ရှိရင် မျိုးရိုးဆက်သွယ်မှုကို လေ့လာတဲ့နည်းပါ။ ဒီနည်းဟာဘာဖြစ်လဲဆိုလို့ရှိရင် ခုနပြောပြခဲ့တဲ့နည်းတွေကတော့ ဒီအင်အေ တစ်ခုလုံးကို ကျွန်တော်တို့က စိစစ်တဲ့နည်းဖြစ်ပြီးတော့ ဒီနည်းကတော့ ဒီအင်အေမှာပါတဲ့ Acid ရယ်၊ Base ရယ်၊ သကြားရယ် သုံးမျိုးရှိတဲ့ အထဲကနေပြီးတော့ Base ရဲ့တည်ရှိနေပုံ အနေအထားကို ကျွန်တော်တို့လေ့လာတာဖြစ်တဲ့အတွက်ကြောင့် အသေးစိတ်ကျွန်တော်တို့ လေ့လာနိုင်ပါတယ်။ အဲဒီလိုလေ့လာခြင်းအားဖြင့် သုတေသနတစ်ခုက ဖော်ပြထားတဲ့ဥစ္စာကို ကြည့်မယ်ဆိုလို့ရှိရင် လူမျိုးစုတွေကို သူတို့လေ့လာပြီးတဲ့အခါမှာ ဘာတွေ့ရလဲဆိုလို့ရှိရင် ဒီမှာမွန်ဂိုလီးယားလူမျိုးနဲ့ တရုတ်မှာရှိတဲ့ ဇီဗိုလူမျိုးက နီးစပ်တယ်ဆိုတဲ့အကြောင်းရယ်။ ထိုင်ဝမ်နဲ့ဂျပန်က အင်မတန်နီးစပ်တယ်ဆိုတဲ့ အကြောင်းရယ်။ ရုရှားရယ်နဲ့ ပေါ်တူဂီရယ်က အင်မတန်နီးစပ်တယ်ဆိုတဲ့အဖြေကို ဒီနည်းနဲ့ကျွန်တော်တို့ရှာဖွေလို့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီပညာကို ကျွန်တော် ၁၉၉၉ ခုနှစ်က တက်ခဲ့ပြီးတော့ ကျွန်တော်တို့ မြန်မာပြည်မှာ ပြန်လည်ပို့ချတဲ့အခါမှာ ဒေါ်ကေသီဝမ်ဆိုတဲ့ ဦးစီးအရာရှိတစ်ဦးကလည်း ကျွန်တော်တို့ဆီက ဖြစ်တဲ့အတွက်ကြောင့် သူကနေပြီးတော့၊ ဒီပရောဂျက်ကိုရေးပြီးတော့ ယခင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနကို တင်ပြခဲ့ပေမဲ့ ဘာမှလုပ်ဆောင်ခဲ့ခြင်းမရှိပါဘူး။

ကျွန်တော်တို့ဆီမှာ ဒီလုပ်ငန်းကိုလုပ်ဖို့ ပညာရှင်ရှိသလားဆိုတော့ ရှိပါတယ်။ ဒီနေရာမှာ အခုပြောထားတဲ့ သတ္တဗေဒ၊ ရုက္ခဗေဒ၊ အနုဇီဝ၊ ဓာတုဇီဝ၊ ဆေးသုတေသနဦးစီးဌာန၊ မှုခင်းဌာနအစရှိသဖြင့် သူတို့ဆီမှာ ပညာရှင်တွေရှိပါတယ်။ ဒီမှာစကားစပ်မိလို့ပြောရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့ လွှတ်တော်ကော်မတီအတွင်းရေးမှူး ဒေါက်တာလှမိုးကို ကျွန်တော် ၂၀၀၄ ခုနှစ်မှာ သူ့ပါရဂူဘွဲ့အတွက် ဒီပညာသင်ဖို့ တက္ကသိုလ်ကြီးကို လွှတ်ခဲ့ပြီးတော့ သင်ကြားစေခဲ့ပါတယ်။ ဆိုလိုတာက ဒီထဲမှာကို ကျွန်တော်အပါအဝင် နှစ်ယောက်ရှိနေပြီးတော့ မသိတဲ့ပညာရှင်များလည်း ရှိနိုင်ပါသေးတယ်။ ဒီဥစ္စာကိုဆောင်ရွက်မယ်ဆိုရင် နည်းနှစ်နည်းနဲ့လုပ်ပါ့ မယ်။ တစ်ခုက BGE နည်းပါ။ တစ်ခုက CE နည်းပါ။ ပထမနည်းအပြင်ကို ဒုတိယနည်းမှာကတော့ ဘာဖြစ်လဲဆိုလို့ရှိရင် Analyzer တွေပါတယ်။ Computerize Software တွေပါပါတယ်။ ဒါကြောင့်မို့ သူကတော့ ဈေးနည်းနည်းကြီးပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ဘယ်လိုလုပ်မလဲ ဆိုလို့ရှိရင် ကျွန်တော် တိုင်းရင်းသား ပထမအဆင့်အနေနဲ့ ၁၀ မျိုးထဲက တစ်မျိုးကို လူ ၁၀၀ ကို ကျွန်တော်တို့ စစ်ပါမယ်။ စစ်တဲ့နည်းကို သုံးပါမယ်။ အဲဒီလိုစစ်တဲ့နေရာမှာ ယခုအခြေအနေမျိုးမှာ လုံးဝဆွေမျိုးမတော်စပ်သူဖြစ်ပြီး တော့ သူတို့ဆီက သွေးသုံးစီစီကိုဖောက်ယူပါမယ်။ ဒီနည်းနှစ်နည်းဟာ ဘာဖြစ်လဲဆိုလို့ရှိရင် အစပြုဈေးနှုန်းကတော့ ကွာပါတယ်။ ဒါပေမဲ့ ဘာဖြစ်လဲဆိုတော့ နောက်ဆုံးမှာ အဖြေက Analyzer ပါတယ်။ Software နဲ့တွက်ထုတ်တာဖြစ်တဲ့အတွက်ကြောင့် ဘာဖြစ်လဲဆိုလို့ရှိရင် ပိုမိုတိကျပြီးတော့ နိုင်ငံတကာမှာလည်း သုံးတဲ့နည်းဖြစ်နေပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ရရှိမယ့်အကျိုးကျေးဇူးတွေကတော့ ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းသားဟုတ်/မဟုတ် စိစစ်နိုင်ပါတယ်။ ဒီဥစ္စာကအလွန်အရေးကြီးပါတယ်။ ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံတွေမှာ ဘာဖြစ်လဲဆိုတော့ အရှေ့က သန်းပေါင်း ၁၃၅၀၊ အနောက်က သန်းပေါင်း ၁၁၁၀ နောက်ပြီးတော့ ကျွန်တော်တို့နိုင်ငံထက် နိုင်ငံအကျယ်အဝန်းလေးဆနီးပါးကျဉ်းတဲ့နိုင်ငံမှာကျတော့ လူဦးရေကလည်းပဲ လေးဆလောက်ရှိနေတဲ့အတွက်ကြောင့် လူဦးရေ စီးဆင်းမှုဖြစ်လာတဲ့အချိန်ကျလို့ရှိရင် ယခုကတည်းက ဒီနည်းတွေနဲ့ ကျွန်တော်တို့နိုင်ငံသားတွေကို စိစစ်ကာကွယ်ထားမယ်ဆိုလို့ရှိရင် ရေရှည်မှာ ကျွန်တော်တို့နိုင်ငံအတွက် အကျိုးရှိနိုင်ပါတယ်။ ပြီးတော့လည်းပဲ ယခုလုပ်နေတဲ့ နိုင်ငံသားစိစစ်ရေးမှာ ခြောက်ဦးတူလို့ရှိရင် ကျွန်တော်တို့ နိုင်ငံသား ဖြစ်ပါတယ်။ ဒီနည်းကတော့ ဘာဖြစ်လဲဆိုလို့ရှိရင် အဲဒီ ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေကို ကျွန်တော်တို့ အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။ ထို့အပြင် အိမ်နီးနားချင်းနိုင်ငံများမှာလည်း ဆောင်ရွက်ထားပြီ ဖြစ်တဲ့အတွက်

ကြောင့် လူဦးရေစီးဆင်းမှုဖြစ်လာလို့ရှိရင် သူတို့ Standard နဲ့ ကျွန်တော်တို့ Standard ကိုက်ပြီး တော့ ကျွန်တော်တို့နိုင်ငံသားဟုတ်/မဟုတ် စိစစ်နိုင်ပါတယ်။

လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ အထက်က ဖော်ပြခဲ့သလို ပညာရှင်အလုံအလောက်ရှိပါတယ်။ ဒီအဆိုကိုတင်သွင်းနိုင်ဖို့အတွက် ကျွန်တော်ဟာ အဲဒီ ပညာရှင်တွေနဲ့ အကြိမ်ကြိမ်ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ စက်ပစ္စည်းတွေကလည်း တချို့ဌာနတွေမှာ ရှိပါတယ်။ ဒီထဲမှာ ကျွန်တော် ထင်ထင်ရှားရှားပြရမယ်ဆိုလို့ရှိရင် ဒီနှစ်ပညာရေးဘတ်ဂျက်ထဲမှာ ပုသိမ်တက္ကသိုလ်ကို ခြောက်ဘီလီယံထိ ဒီစက်ပစ္စည်းဝယ်ဖို့ ခွင့်ပြုခဲ့တာရှိပါတယ်။ ထို့အတူ ဆေးသုတေသန ဦးစီးဌာနတွေမှာလည်း ရှိပါတယ်။ တချို့သော တက္ကသိုလ်တွေမှာလည်း ရှိပါတယ်။ အရေးကြီးဆုံး အချက်ကတော့ ဒီလုပ်ငန်းကို ဆောင်ရွက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့တိုင်းရင်းသားတမျိုးစီရဲ့ ထူးခြားတဲ့ဝိသေသလက္ခဏာကောင်းများကို တိတိကျကျဖော်ညွှန်းနိုင်သည်ဖြစ်ပါသောကြောင့် ကျွန်တော်တို့နိုင်ငံအတွင်းမှာရှိတဲ့ တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းစီ၏ စံပြုကိုးကားနိုင်တဲ့ ဒီအင်အေမျိုးရိုးဗီဇမှတ်တမ်းကို ယနေ့ခေတ်အမီဆုံးနည်းပညာဖြင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးလေးနက်နက်တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာမောင်သင်း တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးလှဒွေးဝင်း(ဇေယျာသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာ ခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ဇေယျာသီရိမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဒွေးဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိတ္ထီလာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမောင်သင်းရဲ့ အဆိုဖြစ်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားလူမျိုးတစ်ဦးချင်းစီ၏ စံပြုကိုးကားနိုင်သည့် ဒီအင်အေမျိုးရိုးဗီဇဖွဲ့စည်းမှုမှတ်တမ်း ဆောင်ရွက်ထားရှိရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုအပေါ်မှာ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူသားမျိုးနွယ်စုနဲ့ လူမျိုးအသီးသီးမှာ ဘိုး၊ ဘေး၊ ဘီ၊ ဘင်အဆက်ဆက်က ပင် လက်ဆင့်ကမ်းသယ်ဆောင်လာတဲ့ ကိုယ်ပိုင်လက္ခဏာ မျိုးရိုးဗီဇဒီအင်အေဖွဲ့စည်းမှုပုံစံ ရှိပါတယ်။ ဥပမာအားဖြင့် အသားဝါတဲ့မျိုးရိုးဗီဇပိုင်ဆိုင်ထားတဲ့လူမျိုး၊ အသားမဲသော မျိုးရိုးဗီဇကို ပိုင်ဆိုင်ထားတဲ့လူမျိုးအစရှိသည်ဖြင့် ကွဲပြားခြားနားမှုရှိပါတယ်။ နိုင်ငံအများစုဟာ သူတို့နိုင်ငံအတွင်းမှာနေထိုင်ကြတဲ့ လူမျိုးစုများရဲ့ မတူခြားနားတဲ့ မျိုးရိုးဗီဇဖွဲ့စည်းမှုပုံစံကို သုတေသနပြုစုမှတ်တမ်းထားရှိကြပါတယ်။ အာရှနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများရဲ့ အတုယူဖွယ် ဆောင်ရွက်ချက်များကိုလည်း ဒေါက်တာမောင်သင်းက တင်ပြထားပြီးဖြစ်ပါတယ်။ အဆိုရှင်ရဲ့ တင်ပြချက်ပါနည်းလမ်းများအနက် မိမိတို့အသုံးပြုသင့်တဲ့ Short Tandem Repeats ဆိုတဲ့ STR ကိုလေ့လာခြင်းအားဖြင့် ရွှေ့ပြောင်းနေထိုင်သူများရဲ့ သမိုင်းကြောင်းဆိုင်ရာ စုံစမ်းထောက်လှန်းခြင်းကိစ္စများ၊ သဘာဝဘေးဒဏ်နှင့် စစ်ပွဲများမှာ ပျောက်ဆုံးသွားသောသူများ ပြန်လည်စုံစမ်းရေးကိစ္စများ၊ လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်မှု တရားခံများရှာဖွေဖော်ထုတ်ခြင်းကိစ္စများနှင့် မိခင်၊ ဖခင်အစစ်အမှန်ရှာဖွေမှုများ၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာကိစ္စရပ်များနှင့် မျိုးရိုးဗီဇဆိုင်ရာသမိုင်းကြောင်းရှာဖွေမှုနှင့် ဆက်စပ်တဲ့သုတေသနလုပ်ငန်းများ၊ ဆေးပညာရပ်ကိစ္စများမှာ အသုံးချနိုင်မှာဖြစ်ပါတယ်။ ဒီလိုအသုံးချနိုင်ဖို့အတွက် လက်ရှိအချိန်မှာ မြန်မာတိုင်းရင်းသားလူမျိုးများရဲ့ မျိုးရိုးဗီဇဖွဲ့စည်းမှု၊ စံပြုကိုးကားမှုပုံစံ(Reference Data)ရှိရန်လိုအပ်တဲ့အတွက် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ဖို့ ဖြစ်ပါတယ်။ စံပြုကိုးကားနိုင်တဲ့ ဒီအင်အေမျိုးရိုးဗီဇ ဖွဲ့စည်းမှုမှတ်တမ်း ဆောင်ရွက်ခြင်းသည် (၁)အချက်အနေနဲ့ သတ္တဝါတစ်မျိုး၊ လူတစ်မျိုးချင်းစီနဲ့ လူမျိုးတစ်မျိုးဟာ မည်သူမည်ဝါဖြစ်ကြောင်း စိစစ်ရာမှာ ခေတ်အမီဆုံးလက်ရှိနည်းပညာကို အသုံးပြုနိုင်မှာဖြစ်ခြင်း၊ (၂)အချက်အနေနဲ့ အိမ်နီးချင်းနိုင်ငံများအနက် လူဦးရေများပြားပြီးတော့ လူဦးရေတိုးတက်မှုနှုန်းထားလည်း ကြီးမားတဲ့ နိုင်ငံအားလုံးတို့သည် ၎င်းတို့တိုင်းရင်းသားမျိုးနွယ်စုများရဲ့ မျိုးရိုးဗီဇဖွဲ့စည်းမှု၊ စံပြုကိုးကားမှုပုံစံ(Reference Data)ရေးဆွဲထုတ်ပြန်ထားကြပြီး ဖြစ်ပါတယ်။

မိမိတို့နိုင်ငံအနေနဲ့လည်း မြန်မာတိုင်းရင်းသားလူမျိုးစုများရဲ့ မျိုးရိုးဗီဇဖွဲ့စည်းမှု စံပြုကိုးကားပုံစံကို ရေးဆွဲမှတ်တမ်းတင်ခြင်းအားဖြင့် အိမ်နီးချင်းနိုင်ငံများမှ လူမျိုးစုများ မိမိနိုင်ငံအတွင်းကို ရွှေ့ပြောင်းနေထိုင်ခြင်းအပါအဝင် လိုအပ်တဲ့ကိစ္စရပ်များမှာ ဆက်စပ်ပြီးတော့ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ တတိယအချက်အနေနဲ့ သမိုင်းကြောင်းအထောက်အထားအရ မြန်မာအစပျူကလို့ဆိုတဲ့အဆို မှန်ကန်မှုကိုလည်း အတည်ပြုပြီးတော့ မည်သည့်တိုင်းရင်းသားလူမျိုးစုနှင့်ဆက်နွယ်နေတယ်ဆိုတာကိုလည်း

ဖော်ထုတ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင်ရဲ့တင်ပြချက်ပါအတိုင်း မိမိနိုင်ငံမှာ ဘာသာရပ်အပေါ်မှာ ကျွမ်းကျင်တဲ့ပညာရှင်များ ရှိနေခြင်း၊ ခေတ်မီစက်ကိရိယာပစ္စည်းများ အထိုက်အလျောက်ရှိနေခြင်း၊ လူမျိုးစုတစ်မျိုးချင်းအလိုက် လူတစ်ဦးချင်းကိုလေ့လာချင်းမဟုတ်ဘဲနဲ့ စံပြုဖို့အတွက် ကန့်သတ်အရေအတွက်ကိုသာ လေ့လာခြင်းဖြစ်တဲ့အတွက် ငွေကြေးကုန်ကျမှုလည်း မများပြားခြင်း၊ အချိန်ကာလလည်းမကြာမြင့်ခြင်း၊ နိုင်ငံတော်ရဲ့ ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍအတွက်လည်း ဆက်စပ်အသုံးပြုနိုင်ခြင်းစတဲ့ အားသာချက်အကျိုးကျေးဇူးများကို ထောက်ရှုပြီးတော့ အဆိုပြုချက် မှတ်တမ်းကို ယခင်ကအကြောင်းအမျိုးမျိုးကြောင့် မဆောင်ရွက်နိုင်ခဲ့သော်လည်း The Best Time to Plant a Tree is twenty years ago, The Second Best Time is Now ဆိုတဲ့စကားအတိုင်း သစ်ပင်တစ်ပင်ကို စိုက်ဖို့အကောင်းဆုံးအချိန်ဟာ လွန်ခဲ့တဲ့ နှစ် ၂၀ ကဖြစ်သည်။ ဒုတိယ အကောင်းဆုံးအချိန်မှာ ယခုအချိန်ဖြစ်သည်ဆိုတဲ့ စကားနှင့်အညီ ယခု ဆောင်ရွက်ရင်လည်း အချိန်မနှောင်းသေးပါ၍ အဆိုရှင်ဒေါက်တာမောင်သင်းရဲ့အဆိုကို လေးနက်စွာထောက်ခံရင်း အဆိုပြုချက်ကို လက်ခံစဉ်းစားဆောင်ရွက်ပေးသင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံထားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါက်တာမောင်သင်း တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်က တင်သွင်းတဲ့ တိုင်းရင်းသားလူမျိုးတစ်ဦးချင်းစီ၏ စံပြုကိုးကားနိုင်သည့် ဒီအင်အေမျိုးရိုးဗီဇဖွဲ့စည်းမှုမှတ်တမ်း ဆောင်ရွက်ထားရှိရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနဲ့ စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၁၁-၈-၂၀၁၇ ရက် (သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူး‌ချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ ၃-၈-၂၀၁၇ ရက်နေ့တွင် လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်ပရိတ်သတ်ကြီးများ ခင်ဗျား။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ကျွန်တော်က ဖတ်ကြားတင်သွင်းမှာဖြစ်ပါတယ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်သူ့လွှတ်တော်
# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ဝ၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂ဝ၁၇-၂၄၉
ရက်စွဲ ၊ ၂ ဝ ၁ ၇ ခု နှစ်၊ ဩ ဂုတ် လ ရက်

သို့

ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏ ၂-၈-၂ဝ၁၇ ရက်စွဲပါ စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁/ ၂ဝ၁၇ -၄ဝ၉

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော "**ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**" ကို အမျိုးသားလွှတ်တော်၌ ၁၃-၇-၂ဝ၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂-၈-၂ဝ၁၇ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ **ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**ကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ပြင်ဆင်ရေးဆွဲ တင်ပြလာခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါသည် -

(က) ဆက်သွယ်ရေးကွန်ရက်ကို အလွဲသုံးစားပြုနေသူများအား စစ်ဆေးအရေးယူရာတွင် စွပ်စွဲခံရသူအနေဖြင့် ဖြေရှင်းထုချေရာ၌ အခွင့်အရေးအပြည့်အဝ ရရှိစေရန်၊

(ခ) အသရေဖျက်မှုတွင် နစ်နာသူကိုယ်တိုင်နှင့် ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ မဟုတ်ဘဲ တိုင်တန်းတရားစွဲဆိုနေခြင်းကို တားဆီးနိုင်ရန်၊

(ဂ) ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စများအတွက် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ကို တောင်းခံရန်မလိုအပ်တော့သဖြင့် နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အရေးယူဆောင်ရွက်နိုင်ရန်၊

(ဃ) ရာဇသတ်ကြီးဥပဒေတွင် ပါဝင်ပြီးဖြစ်သော၊ အဓိပ္ပာယ်တိတိကျကျ သတ်မှတ် မဖော်ပြနိုင်သော ပြဋ္ဌာန်းချက်အချို့ကို ပယ်ဖျက်ခြင်းဖြင့် တရားဥပဒေတစ်ရပ်၏ အင်္ဂါရပ်များနှင့်ညီညွတ်စေရန်၊

(င) ဆက်သွယ်ရေးဝန်ဆောင်မှုပေးခြင်း၊ အသုံးပြုခြင်းတို့နှင့်သာ သက်ဆိုင်သည့်ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ပြစ်မှုများကို ဆက်သွယ်ရေးဥပဒေဘောင်အတွင်းမှ ထိရောက်စွာ ကြီးကြပ်ကွပ်ကဲဆောင်ရွက်နိုင်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် (၇-၈-၂၀၁၇)ရက် တနင်္လာနေ့တွင် ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ဥပဒေကြမ်းကော်မတီ၏ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ (က)နှင့် (ဂ) တို့အရ အကြံပြုတင်ပြလွှာများမှာ ကန့်လန့်ဖြတ်ဇယားတွင် ရေးသွင်းဖော်ပြထားပြီး ကိုယ်စားလှယ်တော်ကြီးများထံ ဖြန့်ဝေထားပြီးဖြစ်၍ ဖတ်ကြားခြင်းမပြုတော့ပါ။

၄။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါသည်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့သည့် ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လေ့လာသုံးသပ်ကြည့်ပါက-

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးများထံ ဖြန့်ဝေထားသောကန့်လန့်ဖြတ်ဇယား အမှတ်စဉ် ၄၊ ၅ နှင့် ၆ ကို ကြည့်ရှုစေလိုပါသည်။ အမှတ်စဉ်(၄) တတိယကော်လံ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်တွင် မူလဥပဒေပုဒ်မ ၆၆ ခြေဆင်းဖြစ်သည့် မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဆိုသည်ကို ပြင်ဆင်ထားခြင်းမရှိဘဲ ပုဒ်မခွဲ(ဃ)ကိုသာ အစားထိုးပြင်ဆင်ထားပါသည်။

**မူကြမ်း**

အမှတ်စဉ်(၅) ပဥ္စမကော်လံကို ကြည့်ရှုစေလိုပါတယ်။ အမျိုးသားလွှတ်တော်၏ အစားထိုး ပြင်ဆင်ထားသည့် ပုဒ်မခွဲ(ဃ) ပြင်ဆင်ချက်သည် (ဃ) ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် ခြိမ်း ခြောက်ခြင်းဟု အဓိပ္ပာယ်တိတိကျကျ သတ်မှတ်မဖော်ပြနိုင်သော ပြဋ္ဌာန်းချက်အချို့ကို ပယ်ဖျက်ခြင်း ဖြစ်သဖြင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက လက်ခံပါသည်။

သို့သော် ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက် နောက်ဆုံးစာကြောင်း၌ နှောင့်ယှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းဟု ရေးသားခြင်းမှာ အငြင်းပွားဖွယ် အရေးအသားဖြစ်ပါသည်။ ဥပဒေကြမ်းကော်မတီ အနေဖြင့်(ဃ) ဆက်သွယ်ရေးကွန်ရက် တစ်ခုခုကိုအသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့် တောင်းယူခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းဟု ပြင်ဆင်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကန့်လန့်ဖြတ်ဇယားအမှတ်စဉ်(၆) အမျိုးသား လွှတ်တော်၏ပြင်ဆင်ချက်တွင် မူလဥပဒေပုဒ်မ ၈၀ ကို အောက်ပါအတိုင်း အစားထိုးရမည်ဟု ပြင်ဆင်ထားပါသည်။ ပြင်ဆင်ချက်ကို လေ့လာကြည့်ပါက မူလပုဒ်မ ၈၀ ပါ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ) တို့ကို မူလပြဋ္ဌာန်းချက်အတိုင်းထားရှိ၍ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မခွဲ(ဃ)တို့ကို ဖြည့်စွက်ခြင်းဖြင့် ပြင်ဆင် ထားရှိပါသည်။

အမျိုးသားလွှတ်တော်သည် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)ဖြင့် အရေးယူခံရလျှင် အာမခံရရှိရန်၊ ပုဒ်မ ၈၀ ပုဒ်မခွဲ(ဂ)အဖြစ် ပုဒ်မ ၆၆ ပုဒ်မခွဲ(က)၊ (ခ)နှင့် (ဃ)တို့ပါ ပြစ်မှုများကို အာမခံပေးနိုင်သည့် ပြစ်မှုများအဖြစ် သတ်မှတ်သည်ဟုလည်းကောင်း၊ အသရေဖျက်ခံရသူ သို့မဟုတ် ၎င်းက ကိုယ်စားလှယ်လွှဲခံရသူက တိုင်တန်းချက်မဟုတ်လျှင် အရေးယူဆောင်ရွက်ခြင်း မပြုနိုင်စေရန် ပုဒ်မခွဲ(ဃ)ကိုလည်းကောင်း ဖြည့်စွက်ပြင်ဆင်ထားခြင်း ဖြစ်ကြောင်းလေ့လာတွေ့ရှိ ရပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါသည်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အာမခံပေးခြင်းနှင့် စပ်လျဉ်း၍ ဆက်သွယ်ရေးဥပဒေတွင်ပါဝင်သော ပြစ်မှုများနှင့်ပတ်သက်၍ အာမခံပေးခွင့်ရသည်၊ အာမခံ ပေးခွင့်မရသည်ကို ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိပါ။ ထိုသို့ ပြဋ္ဌာန်းထားခြင်း မရှိပါက သိရှိလိုသောပြစ်မှု၏ပြစ်ဒဏ်ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ဇယား(၂)နှင့် တိုက်ဆိုင်စစ်ဆေး ပြီး အာမခံပေးခွင့်ရ၊ မရကိုစိစစ်ရပါသည်။ ယခုပြသထားသော ဓာတ်ပုံ Slide မှာ ပြစ်မှုဆိုင်ရာ

ကျင့်ထုံးဥပဒေ ဇယား(၂)ဖြစ်ပါသည်။ ယင်းဇယားကော်လံ(၂)တွင် ပြစ်ဒဏ် (၄)မျိုး ပြသထားပါသည်။ ထိုပြသထားသောပြစ်ဒဏ်များနှင့် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ ခြေဆင်းပါပြစ်ဒဏ်ကို တိုက်ဆိုင်စစ်ဆေးပါက ထိုပြစ်မှုသည် အာမခံ ပေးခွင့်ရ၊ မရထင်ရှားပေါ်လွင်မည် ဖြစ်ပါသည်။ ပုဒ်မ ၆၆ ၏ ပြစ်ဒဏ်မှာ သုံးနှစ်အထိထောင်ဒဏ်ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသဖြင့် ဇယား(၂) ဒုတိယအပိုဒ်ရှိ သုံးနှစ်နှင့်အထက် သို့သော်လည်း ၇ နှစ်အောက် ပြစ်ဒဏ်နှင့်ကိုက်ညီသဖြင့် ထိုဇယား၏ ကော်လံ(၅)အရ အာမခံမပေးနိုင်သော ပြစ်မှုဖြစ်ပါသည်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အထက်တွင်တင်ပြသကဲ့သို့ ပြစ်ဒဏ်ကို ဇယား(၂)ဖြင့်တိုက်ဆိုင်စိစစ်၍ အာမခံပေးနိုင်သော ပြစ်မှုအဖြစ်သို့ ပြောင်းလဲစေရန်ဆောင်ရွက်ပါကပိုမိုလွယ်ကူပြီး ဆက်စပ်ဥပဒေများ တစ်နည်းအားဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေများနှင့် ညီညွတ်စေနိုင်ပါသည်။ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ ၏ ပြစ်ဒဏ်ကို သုံးနှစ်ထိထောင်ဒဏ်ဟု သတ်မှတ်မည့်အစား သုံးနှစ်အောက်ထောင်ဒဏ်ဟု ပြင်ဆင်လိုက်ပါက ပုဒ်မ ၆၆ ပါ ပြစ်မှုများသည် ဇယား(၂)၏အပိုဒ် ၃ ထောင်ဒဏ်တစ်နှစ်နှင့်အထက် သို့သော်လည်း သုံးနှစ်အောက်ပြစ်ဒဏ်ထိုက်သည့်ပြစ်မှုတွင် အကျုံးဝင်သွားပြီး ယင်း၏ကော်လံ(၅)အရ အာမခံပေးရမည့်ပြစ်မှုအဖြစ်သို့ ပြောင်းလဲသွားမည်ဖြစ်ပါသည်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြစ်ဒဏ်မပြောင်းလဲဘဲ အကြောင်းအရာကိုပြောင်းလဲ၍ ပုဒ်မ ၆၆ ပုဒ်မခွဲ(က)၊ (ခ)နှင့်(ဃ) တို့ပါပြစ်မှုများကို အာမခံပေးနိုင်သော ပြစ်မှုများအဖြစ်သတ်မှတ်သည်ဟု ပြင်ဆင်လိုက်ပါက ထိုသို့ ပြင်ဆင်ခြင်းသည် ဆက်စပ်ဥပဒေ သို့မဟုတ် တည်ဆဲအခြားဥပဒေဖြစ်သည့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ဇယား(၂)နှင့် ဆန့်ကျင်ကွဲလွဲသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပုဒ်မ ၆၆ ခြေဆင်းတွင်ပါရှိသော သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေဆိုသည့် စကားရပ်ကို သုံးနှစ်အောက်ထောင်ဒဏ်ဖြစ်စေ ဆိုသည့်စကားရပ်နှင့်အစားထိုးခြင်းဖြင့် ပုဒ်မ ၆၆ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်အောက်ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်ဟု ပြင်ဆင်သင့်ပါသည်။ ထိုသို့ပြင်ဆင်သဖြင့် အမျိုးသားလွှတ်တော်၏ တင်ပြချက်ကန့်လန့်ဖြတ်ဇယား အမှတ်စဉ်(၇) သည် မလိုအပ်တော့ပါသဖြင့် ပယ်ဖျက်ရန်လိုအပ်ပါသည်။ ထို့ကြောင့် ကန့်လန့်ဖြတ် ဇယားတွင် ထိုအချက်၌ပယ်ဖျက်ပါသည်ဟု ရေးသားထားခြင်း ဖြစ်ပါသည်။

**မူကြမ်း**

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အသရေဖျက်မှုနှင့်ပတ်သက်၍ အသရေဖျက်မှု၏အဓိပ္ပါယ်ကို ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၉၉ တွင် ဖွင့်ဆိုထားပါသည်။ မည်သူမဆို နှုတ်ဖြင့်ဖြစ်စေ၊ ဖတ်ရှုစေရန်ကြံရွယ်သည့် စကားဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့်ဖြစ်စေ၊ ထင်ရှားသောပုံသဏ္ဍာန်ဖြစ်စေ၊ လူတစ်ဦးတစ်ယောက်၏အသရေကို နစ်နာစေရန်အကြံဖြင့်သော်လည်းကောင်း၊ ထိုသူနှင့်စပ်လျဉ်းသောစွပ်စွဲခြင်းသည် ထိုသူ၏အသရေကို နစ်နာစေမည်ဟု သိလျက်နှင့်သော်လည်းကောင်း၊ ထိုသို့ယုံကြည်ရန် အကြောင်းရှိလျက်နှင့်သော် လည်းကောင်း၊ ထိုသူနှင့် စပ်လျဉ်းသောစွပ်စွဲမှုကိုပြုလျှင် သို့တည်းမဟုတ် ကြေညာလျှင်၊ ထိုသူသည် အောက်ပါကင်းလွတ် ချက်မှတစ်ပါး အဆိုပါလူ၏အသရေကိုဖျက်သည်မည်၏ဟု ရာဇသတ်ကြီး ဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏အသရေအား ထိခိုက်စေတိုင်း လည်း ပြစ်မှုမမြောက်ပါ။ ထိုသူ၏အသရေကို ထိခိုက်စေသောအချက်သည် အောက်ပါအချက် (၁၀)ချက်တွင် အကျုံးမဝင်ပါက အသရေဖျက်မှုမမည်ပါ။ ပြစ်မှုမမြောက်ပါ။ ထိုအချက်(၁၀)ချက်မှာ အကျဉ်းအားဖြင့်-

(၁) အများပြည်သူ၏အကျိုးအတွက်ပြုလုပ်ရန် သို့တည်းမဟုတ် ကြေညာရန်လိုအပ်သည့် မှန်ကန်သောအရာကိုစွပ်စွဲခြင်း၊ (၂) ပြည်သူ့ဝန်ထမ်း၏ တာဝန်ဝတ္တရားဆိုင်ရာ အပြုအမူနှင့်စပ်လျဉ်း၍လည်းကောင်း၊ အကျင့်စာရိတ္တနှင့်စပ်လျဉ်း၍လည်းကောင်း၊ သဘောရိုးဖြင့် မိမိ၏ထင်မြင်ချက်ကို ဖော်ပြခြင်း၊ (၃)အများပြည်သူဆိုင်ရာ ကိစ္စတွင် တစ်ဦးတစ်ယောက်၏ အပြုအမူနှင့် စပ်လျဉ်း၍လည်းကောင်း၊ စာရိတ္တနှင့် စပ်လျဉ်း၍လည်းကောင်း၊ သဘောရိုးဖြင့် မိမိထင်မြင်ချက်ကို ဖော်ပြခြင်း၊ (၄)တရားရုံး များ၏ မှုခင်းဆောင်ရွက်ချက်ဆိုင်ရာ ကြေညာခြင်း၊ (၅)တရားရုံးတွင်စီရင်ဆုံးဖြတ်သည့် အမှု၏အရည်အသွေး၊ သက်သေနှင့် အခြားသက်ဆိုင်သူများ၏ အပြုအမူကို သဘောရိုးဖြင့် မိမိထင်မြင်ချက်ကို ဖော်ပြခြင်း၊ (၆)လူအများဝေဖန်နိုင်ရန် အထင်အရှား ဆောင်ရွက်မှုတစ်ခုကို အတိအလင်းဖော်ပြချက်၊ ဆောင်ရွက်သူ၏ အပြုအမူတို့ကို ဖော်ပြခြင်း၊ (၇)တစ်ဦးတစ်ယောက်သောသူအပေါ်၌ ဥပဒေနှင့်အညီ အခွင့်အာဏာရှိ သူက သဘောရိုးဖြင့် အပြစ်ဆိုခြင်း၊ (၈)လူတစ်ဦးတစ်ယောက်အကြောင်းကို အခွင့်အာဏာရရှိသူအား သဘောရိုးဖြင့် ပြောဆိုစွပ်စွဲခြင်း၊ (၉)တစ်ဦးတစ်ယောက်သော သူက မိမိအကျိုးကို သို့တည်းမဟုတ် အခြားသူ၏အကျိုးကို ကာကွယ်စောင့်ရှောက်ရန်

သဘောရိုးဖြင့်စွပ်စွဲခြင်း၊ (၁၀)သတိပေးခံရသူ၏ အကျိုးအတွက်ဖြစ်စေ၊ အများပြည်သူ၏အကျိုးအတွက်ဖြစ်စေ ရည်ရွယ်၍ သတိပေးခြင်းတို့သည် ပြစ်မှုမမြောက်ပါ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုပြသထားသော ဓာတ်ပုံ Slide အရ အသရေဖျက်မှုသည် ရာဇသတ်ကြီးဥပဒေ၏ အခန်း(၂၁)တွင်ပါဝင်သော ပြစ်မှုဖြစ်ပါသည်။

ထိုအသရေဖျက်မှုနှင့်ပတ်သက်၍ တရားရုံးများက ဆောင်ရွက်သည့်အခါ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ အခန်း(၁၅)ပုဒ်မ ၁၉၈ တွင်ပြစ်မှုဆိုင်ရာဥပဒေအခန်း(၁၉) သို့မဟုတ် အခန်း(၂၁) သို့မဟုတ် ယင်းဥပဒေ၏ ပုဒ်မ ၄၉၃ မှ ၄၉၆ (ယင်းပုဒ်မ နှစ်ခုလုံးအပါအဝင်)တို့တွင် အကျုံးဝင်သည့် ပြစ်မှုတစ်ရပ်ကို အဆိုပါပြစ်မှုအရ နစ်နာခြင်းခံရသူက တိုင်တန်းချက်မဟုတ်လျှင် မည်သည့်တရားရုံးကမျှ အရေးမယူရ။ သို့ရာတွင် ထိုသို့နစ်နာခြင်းခံရသူမှာ အမျိုးသမီးတစ်ဦးဖြစ်၍ ၎င်း၏ တိုင်းပြည်ဓလေ့ထုံးတမ်းနှင့် အပြုအမူ၊ အလေ့အထတို့အရ လူအများရှေ့သို့ရောက်ရှိရန် အတင်းအကြပ်မပြုသင့်သူဖြစ်ခြင်း သို့မဟုတ် အသက် ၁၈ နှစ်အောက်ဖြစ်ခြင်း သို့မဟုတ် ဝမ်းတွင်းရူး သို့မဟုတ် ရူးသွပ်သူတစ်ယောက်ဖြစ်ခြင်း သို့မဟုတ် ဖျားနာခြင်းကြောင့်ဖြစ်စေ၊ မစွမ်းမသန်ခြင်းကြောင့်ဖြစ်စေ တိုင်တန်းချက်မပြုနိုင်သောအခါ အခြားသူတစ်ဦးက တရားရုံး၏ခွင့်ပြုချက်ဖြင့် ထိုသူ၏ သို့မဟုတ် ထိုသူမ၏ကိုယ်စား တိုင်တန်းချက် ပြုလုပ်နိုင်သည်ဟု ပြဋ္ဌာန်းထားပါသဖြင့် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်တွင် ဖြည့်စွက်ထားသော ဆက်သွယ်ရေးဥပဒေပုဒ်မ ၈၀ ပုဒ်မခွဲ(ဃ)သည်လိုအပ်မှုမရှိဘဲ ထည့်သွင်းထားခြင်းဖြစ်သော်လည်း သက်ဆိုင်ရာအဖွဲ့အစည်းများက ပိုမိုသိရှိလိုက်နာရန် လိုအပ်သည်ဟုယူဆ၍ ထည့်သွင်းပါကလည်း တည်ဆဲအခြားဥပဒေများနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိနိုင်ပါသောကြောင့် ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီအနေဖြင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ထည့်သွင်းရန် သဘောတူပါသည်။

သို့ပါ၍ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့အစီရင်ခံ တင်ပြအပ်ပါသည်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**မူကြမ်း**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

## ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇-၂၄၉

ရက်စွဲ ၊ ၂ ၀ ၁ ၇ ခုနှစ်၊ ဩဂုတ် လ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ဆက်သွယ်ရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏ ၂-၈-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁/ ၂၀၁၇ -၄၀၉

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၃-၇-၂၀၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂-၈-၂၀၁၇ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ဆက်သွယ်ရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ပြင်ဆင်ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါသည်-

(က) ဆက်သွယ်ရေးကွန်ရက်ကို အလွဲသုံးစားပြုနေသူများအား စစ်ဆေးအရေးယူရာတွင် စွပ်စွဲခံရသူအနေဖြင့် ဖြေရှင်းထုချေရာ၌ အခွင့်အရေးအပြည့်အဝရရှိစေရန်၊

( ခ) အသရေဖျက်မှုတွင် နစ်နာသူကိုယ်တိုင်နှင့် ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ မဟုတ်ဘဲ တိုင်တန်းတရားစွဲဆိုနေခြင်းကို တားဆီးနိုင်ရန်၊

( ဂ) ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စများအတွက် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏သဘော ထားမှတ်ချက်ကိုတောင်းခံရန် မလိုအပ်တော့သဖြင့် နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အရေးယူဆောင်ရွက်နိုင်ရန်၊

(ဃ) ရာဇသတ်ကြီးဥပဒေတွင် ပါဝင်ပြီးဖြစ်သော၊ အဓိပ္ပါယ်တိတိကျကျ သတ်မှတ် မဖော်ပြနိုင်သောပြဋ္ဌာန်းချက်အချို့ကို ပယ်ဖျက်ခြင်းဖြင့် တရားဥပဒေတစ်ရပ် ၏အင်္ဂါရပ်များနှင့် ညီညွတ်စေရန်၊

( င) ဆက်သွယ်ရေးဝန်ဆောင်မှုပေးခြင်း၊ အသုံးပြုခြင်းတို့နှင့်သာ သက်ဆိုင်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်းသည့်ပြစ်မှုများကို ဆက်သွယ်ရေးဥပဒေဘောင်အတွင်းမှ ထိရောက်စွာ ကြီးကြပ်ကွပ်ကဲဆောင်ရွက်နိုင်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၇-၈-၂၀၁၇ ရက် တနင်္လာနေ့တွင် ပြည်သူ့ လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်း အစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရ မည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ဥပဒေကြမ်းကော်မတီ၏ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ (က)နှင့်(ဂ)တို့ အရ အကြံပြုတင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း (၄)ပိုဒ် ပါရှိပါသည်။

( ခ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များအနက် အချက်(၄)ချက်ကို သဘောတူ လက်ခံပါသည်။

( ဂ) ဥပဒေခေါင်းစီးရှိ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းကို ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(ဃ) အပိုဒ် ၃ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၃။ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ ခြေဆင်းတွင်ပါရှိသော သုံးနှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေဆိုသည့်စကားရပ်ကို သုံးနှစ်အောက်ထောင်ဒဏ်ဖြစ်စေ ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

( င) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၃ အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄။ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ တွင် ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(ဃ) ဆက်သွယ်ရေး ကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း။

( စ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အပိုဒ် ၄ ရှိ ပုဒ်မ ၈၀ ပုဒ်မခွဲ(ဂ)ကို ပယ်ဖျက်ပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ သည် ပြင်ဆင်လိုတဲ့ဥပဒေကြမ်းရဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကိုတိတိကျကျဖော်ပြ၍ ၁၄-၈-၂၀၁၇ ရက်(တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်းကြေညာပါတယ်။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၃)ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်(သောကြာနေ့) နံနက် ၁၀ နာရီမှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၄၃။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ကို ၁၁း၄၃ နာရီ အချိန်တွင်ရပ်နားပါသည်။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၂) ရက်မြောက်နေ့ (၁၀.၈.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



ဦးတင်လှ
(ဓနုဖြူ မဲဆန္ဒနယ်)



ဦးဦးလှစော
(မြောက်ဦး မဲဆန္ဒနယ်)



ဦးအောင်ကျော်ကျော်ဦး
(လှိုင် မဲဆန္ဒနယ်)



ဦးဝင်းဝင်း
(မင်းဘူး မဲဆန္ဒနယ်)



ဦးမင်းသိန်း
(တောင်တွင်းကြီး မဲဆန္ဒနယ်)



ဦးနေလင်းအောင်
(မင်းတပ် မဲဆန္ဒနယ်)



ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး)
ပညာရေးဝန်ကြီးဌာန



ဦးသိန်းဆွေ (ပြည်ထောင်စုဝန်ကြီး)
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အား ဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်